# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆရာ တပည့် ဆက်ဆံရေး**

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကို မင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့် ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

**အတ္တဝဂ်(ဓမ္မပဒ - ၁၅၉)**


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၈၇)


## နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၇ နာရီ ၁၅ မိနစ်မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယို၊ MRTV Entertainment, MITV နှင့် မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပြိုင်တူလုပ်ဆောင်ရမယ့် အရာနှစ်ခုဖြစ်ပါတယ်

(မြန်မာနိုင်ငံဆိုင်ရာ ဗိလစ်ပိုင်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)


စာ » ၅


## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း“တာလာ့စ်” (TALAS) သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ မြောက်ဘက် မိုင် ၁၃၀ ခန့်၊ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် ၂၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိသည်။

(မိုး/ဇလ)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများ ပန္နက်တင် တပ်ဆင်ပွဲအခမ်းအနား၌ မန်းဘခိုင်၏ ကြေးရုပ်တုအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်

## အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများ ပန္နက်တင် တပ်ဆင်ပွဲအခမ်းအနား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တက်ရောက်

**မြဝတီ ဇူလိုင် ၁၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ နံနက်ပိုင်းတွင် မြဝတီမြို့ ရွှေပြောင်းအလုပ်သမားရုံး၌ ဖွင့်လှစ်ထားသည့် အလုပ်သမားများ ပြန်လည်ကြိုဆိုလက်ခံရေးစခန်းသို့ ရောက်ရှိပြီး ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားများအား နွေးနွေးထွေးထွေးကြိုဆို၍ အားပေးစကားပြောကြားမှုနှင့်အတူ အလုပ်သမားများအား ပြန်လည်လက်ခံမှု၊ နေရပ်ပြန်လည်ပို့ဆောင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ကြည့်ရှုအားပေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နေရပ်ပြန်မြန်မာအလုပ်သမားများအား အားပေးစကားပြောကြားရာတွင် မိမိတို့နိုင်ငံသို့ပြန်လည်ရောက်ရှိပြီဖြစ်သည့်အတွက် စိုးရိမ်ကြောင့်ကြရန် မလိုတော့ပါကြောင်း၊


*စာမျက်နှာ ၃ ကော်လံ ၁* ❄





မြန်မာ့အလင်း

## အာဇာနည်တို့၏ မြင့်မားသည့်ဂုဏ်ရည်

မြန်မာလူမျိုးတို့၏ ပင်ကိုစရိုက်လက္ခဏာမှာ သူရဲကောင်းများကို အမြတ်တနိုး လေးစားတန်ဖိုးထားတတ်ကြသော သဘောရှိသည်။ သူရဲကောင်းဟု ဆိုသူများမှာ လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ပြည့်စုံသူ (ဝါ)သတ္တိဗျတ္တိတို့ ပြည့်ဝသူများဖြစ်သည်သာမက ၎င်းတို့၏ လက်ရုံးရည်၊ နှလုံးရည်တို့ကို ထုတ်ဖော်ပြသအသုံးချကြရမည့် အခြေအနေအချိန်အခါကျရောက်လာပါက မကြောက်မရွံ့နောက်မတွန့်ဘဲ သတ္တိဗျတ္တိတို့ကို ထုတ်ဖော်ပြသကြသူများလည်းဖြစ်ကြရာ မြန်မာ့သမိုင်းတစ်လျှောက်တွင် သာဓကပြစရာ သူရဲကောင်းတို့များစွာရှိကြသည်။ သည့်ထက်ပို၍ အာဇာနည်ဟု ဂုဏ်ပြုထိုက်သူများမှာမူ သူရဲကောင်းတို့၏ လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ပြည့်စုံပြည့်ဝကြသည့်အပြင် သူတကာတို့ပြုနိုင်ခဲသည့် အဆုံးစွန်သော စွန့်လွှတ်မှုကိုပါ ပြုနိုင်ကြသူများဖြစ်ကြသည်။

မြန်မာ့သမိုင်းတွင် အာဇာနည်များကို ဂုဏ်ပြု၍ အာဇာနည်နေ့ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ထိ ရှိခဲ့ပြီဖြစ်သည်။ အာဇာနည်နေ့ အခါကာလသို့ ရောက်တိုင်းရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများကို ပြန်လည်သတိရကြသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်နေစိတ်ထား၊ စရိုက်လက္ခဏာများ၊ နိုင်ငံနှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားကြိုးပမ်းအားထုတ်ခဲ့ကြပုံများ စသည်တို့ကို ပြန်လည်ဖော်ထုတ်ကြကာ ဂါရဝပြုကြသည်နှင့်အတူ နှောင်းလူတို့က အတုယူကြရသည်။ နိုင်ငံနှင့် လူမျိုးလွတ်လပ်ရေးနှင့် လွတ်လပ်ရေးရရှိပြီးပါက နိုင်ငံပြန်လည်ထူထောင်ရေးတို့အတွက် ကြိုးပမ်းနေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မသမာသူတို့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ကြီးများကျဆုံးခဲ့ရာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံး ယူကျုံးမရဖြစ်ခဲ့ကြရသည်။ နိုင်ငံသူနိုင်ငံသားတိုင်း အတုယူ စံပြုထိုက်သည့် လက်ရုံးရည်၊ နှလုံးရည်၊ စွန့်လွှတ်မှုတို့ကြောင့် လေးစားချစ်ခင်ကြည်ညိုကြရသည့် ဗိုလ်ချုပ်အောင်ဆန်းကိုလည်း အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေး၏ ဗိသုကာ၊ နိုင်ငံ့ဖခင်ကြီးအဖြစ် ယနေ့တိုင် လေးစားဂါရဝပြုလျက်ရှိကြသည်။ အာဇာနည်နေ့ အခါသမယသို့ ရောက်လာတိုင်း ပြန်လည်အောက်မေ့ကြရသည်။

စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဖြူစင်သော၊ ဖြောင့်မတ်သော၊ ရဲရင့်သော၊ ပွင့်လင်းသော လက်ရုံးရည် နှလုံးရည်ဆိုင်ရာ အရည်အသွေးတို့နှင့်ပတ်သက်၍ ဗိုလ်ချုပ်နှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များ၊ ဗိုလ်ချုပ်နှင့် ထိတွေ့ဆက်ဆံခဲ့ရသူများ၊ ဗိုလ်ချုပ်၏မွေးချင်းမိသားစုဝင်များ စသည်တို့၏ မှတ်တမ်းမှတ်ရာများ၊ ထုတ်ဖော်ရေးသားပြောဆိုမှုများမှတစ်ဆင့် သိရှိကြရပြီး ဗိုလ်ချုပ်သည် ရာစုနှစ်များစွာအတွင်း တစ်ခေတ်တွင် တစ်ယောက်ပေါ်ထွန်းလာခဲ့သည့် ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုကြရသည်။ အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခင်မင်ရင်းနှီးသူလည်းဖြစ်သူ၊ ဗိုလ်ချုပ်အောင်ဆန်းကလည်း ခင်မင်လေးစားသူ ပဏ္ဍိတ်ဂျဝါဟာလာနေရူးက "အောင်ဆန်း၏အသိဉာဏ်နှင့် နိုင်ငံရေး အမြော်အမြင်ကြီးမားမှုသည် သူ၏အသက်အရွယ်နှင့်မလိုက်အောင်ပင် ထူးချွန်ထက်မြက်သည်"ဟူ၍ ထုတ်ဖော်ပြောကြားခဲ့ဖူးပြီး ထိုစဉ်က ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေရဆဲဖြစ်သော အရှေ့တောင်အာရှနိုင်ငံများ၏ ခေါင်းဆောင်များအနက် ကျန်းမာနေပျှိပြီး ထက်မြက်တက်ကြွသော ခေါင်းဆောင်အဖြစ် ရှုမြင်ခဲ့သည့်အလျောက် မသမာသူတို့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်တို့ကျဆုံးခဲ့ရသည့်အခါတွင်လည်း "အောင်ဆန်းကျဆုံးခြင်းသည် မြန်မာနိုင်ငံအတွက်သာမက အာရှနိုင်ငံအားလုံးအတွက် အလွန်ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းတစ်ဦး ဆုံးရှုံးရခြင်းဖြစ်သည်"ဟု ဝမ်းနည်းတသစွာဖြင့် မှတ်ချက်ပြုခဲ့သည်။

တစ်ခေတ်တွင် တစ်ယောက်ပေါ်လာရန် ခဲယဉ်းလွန်းသည့် အာဇာနည်တို့၏ စံပြုထိုက်ဖွယ်ဂုဏ်ရည်တို့မှာ နှောင်းလူတို့အတွက် လေးစားအတုယူဖွယ်ရာများအဖြစ် ထာဝရတည်ရှိနေမည်ဖြစ်ပါကြောင်း။ ။

## အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

**မြောက်ဦး ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဝက်လုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၁၆ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလက (ဝက်လု)ကျောင်းမှ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆိုပြီး အဆိုပါကျောင်းဖွင့်ပွဲကို မြောက်ဦးမြို့နယ်ဒုတိယ မြို့နယ် ပညာရေးမှူး ဦးဦးစံရွှေ၊ အထက (တိမ်ညို) ကျောင်းအုပ်၊ အလက (ဝက်လု) ကျောင်းအုပ်နှင့် တာဝန်ရှိသူတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

## အောင်မြေသာစံမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများပြီးစီး၍ ဓာတ်အားပိုမိုသုံးစွဲနိုင်တော့မည်

**မန္တလေး ဇူလိုင် ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း မန္တလေးခရိုင် အောင်မြေသာစံမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၁၀×၂ အမ်ဗွီအေ မရမ်းခြံ ဓာတ်အားခွဲရုံ၌အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အစီအစဉ်ဖြင့် ၁၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် switch bay နှစ်စုံ တပ်ဆင်ခြင်း၊ ၃၃/၁၁ ကေဗွီအေ ၁၀ အမ်ဗွီအေ အိုးဘိုခွဲဓာတ်အားခွဲရုံ၌ ၃၃ ကေဗွီ switch bay တစ်စုံတပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ စမ်းသပ်စစ်ဆေးမှုလုပ်ငန်းများပြီးစီးပြီဖြစ်၍ ထရန်စဖော်မာသီးသန့်ဓာတ်အားပေးခြင်းကို ဇူလိုင် ၈ ရက်က စတင်ကာ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ မကြာမီ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။



မန္တလေးခရိုင်အတွင်း ၁၀ အမ်ဗွီအေ ထရန်စဖော်မာ ခြောက်လုံးနှင့် switch bay ခုနစ်စုံကို ADB အစီအစဉ်ဖြင့် ဆောင်ရွက်နေကြောင်း၊ အားလုံးနီးပါး ပြီးစီးနေပြီဖြစ်ပြီး နွေရာသီတွင် ဓာတ်အားပြည့်ဝစွာပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ဒုတိယခရိုင်လျှပ်စစ်မန်နေဂျာ ဦးနန်းဝင်းဆန်းက ပြောကြားခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ထင်သာမြင်သာပြုပြင်စရာ**

## ပျက်စီးနေသော တယ်ချောင်း-စော်ကဲချောင်းလမ်းမကြီး အချိန်မီပြုပြင်ပေးရန်လို

မော်လမြိုင်ကျွန်း- ဝါးခယ်မအဝေးပြေးကားလမ်းပေါ်ရှိ တယ်ချောင်း- စော်ကဲချောင်း မော်တော်ကားလမ်းမှာ ယခုမိုးရာသီတွင် လမ်းတစ်လျှောက်လုံး နေရာအတော်များများတွင် ဒေသခံပြည်သူများနှင့် ယာဉ်မျိုးစုံတို့ သွားလာ၍ မရအောင် ချိုင့်များ၊ ကျင်းများ၊ ရွံ့ဗွက်များဖြင့် မြင်မကောင်းအောင် ပျက်စီးလျက်ရှိသည်။

ယင်းတယ်ချောင်း-စော်ကဲချောင်း အဓိကလမ်းမကြီးနှင့် ချိတ်ဆက်သွားလာလျက်ရှိသော စော်ကဲချောင်း၊ တယ်ချောင်း၊ မမှိုဥချောင်း၊ သူဌေးကုန်း၊ ထီပါလယ်၊ လေးပင်ကုန်း၊ ဉယျာဉ်စုနှင့် မြို့ချောင်းကျေးရွာများမှ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများမှာ နေ့စဉ် သွားလာရေးအခက်အခဲရှိနေသည့်အပြင် ကျေးရွာရစ်ရွာမှ အရေးပေါ်



ဆေးကုသမှုခံယူရမည့်သူများနှင့် မီးဖွားလူနာများအား မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ဆေးရုံသို့ နေ့ချင်းအချိန်မီ ပေးပို့နိုင်ရေးတွင်လည်း အခမဲ့သယ်ယူပို့ဆောင်ကူညီပေးမည့် ပရဟိတအသင်းအဖွဲ့များမှ မော်တော်ကားများမှာ သွားလာသယ်ယူပို့ဆောင်၍ မရအောင် ဖြစ်နေကြသည်။

သို့ဖြစ်၍ ပျက်စီးနေသော တယ်ချောင်း-စော်ကဲချောင်း မော်တော်ကားလမ်းမကြီးအား ဒေသခံပြည်သူများက အမြန်ဆုံးပြုပြင်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၆-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ . ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ . ၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# အာဇာနည်စိတ်မျိုး မွေးမြူအပ်

**မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*❄ ရှေ့ဖုံးမှ*

မိမိတို့အခက်အခဲများအား တာဝန်ရှိသူများကို ပွင့်ပွင့်လင်းလင်းပြောပြနိုင်ပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ရင်းနှီးမြှုပ်နှံမှုဥပဒေကို အသစ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသည့်အခါ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်များ ပေါ်ပေါက်လာပါက မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး စေတနာအရင်းခံဖြင့် လုပ်ကိုင်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နေရပ်ပြန် မြန်မာအလုပ်သမားများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မြဝတီမြို့ အာဇာနည်ပန်းခြံ၌ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများ ပန္နက်တင် တပ်ဆင်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ကြေးရုပ်တုအား ပန္နက်တင်တပ်ဆင်ကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများအား တာဝန်ရှိသူများက ဆက်လက်တပ်ဆင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မြဝတီမြို့နယ် စုပေါင်းရုံးရှိ အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး လွှတ်တော်ရန်ပုံငွေ ခွဲဝေချထားပေးမှု၊ သုံးစွဲမှုနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားကာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို လမ်းညွှန်မှာကြားခဲ့သည်။ **ထိန်လင်းအောင်(မြန်/ဆက်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နေရပ်ပြန် မြန်မာအလုပ်သမားများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်

# ရေအားလျှပ်စစ် ၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း မြေနေရာလျာထား

**နေပြည်တော် ဇူလိုင် ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၅ ရက်က မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရဲရွာရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ ရောက်ရှိပြီး Turbine နှင့် Generator စက်များ မောင်းနှင်လည်ပတ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား စက်ရုံအစည်းအဝေးခန်းမဆောင်၌ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တာဝန်ရှိသူတစ်ဦးက စက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပေးစနစ်နှင့် ချိတ်ဆက်သွယ်တန်းထားရှိမှု၊ နှစ်အလိုက် ဓာတ်အားထုတ်လုပ်မှု လျာထားချက်နှင့် အမှန်ထုတ်လုပ်နိုင်မှု၊ ဓာတ်အားပေးစက်ကြီးများ ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့်ပတ်သက်၍လည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ထိန်းသိမ်းရေးဌာနမှတာဝန်ရှိသူတစ်ဦးက ရဲရွာရေအားလျှပ်စစ်ရေလှောင်တမံ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သိလိုသည်များ မေးမြန်းဆွေးနွေး၍ ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးပေးမှုတို့ကို စစ်ဆေးသည်။

ယင်းနောက် ပင်မတမံပေါ်မှ ကန်ရေသိုလှောင်ထားရှိမှု၊ ပင်မရေပိုလွှဲနှင့် တမံကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အောက်ဘက်၌ ၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း လျာထားနေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၈ မိုင်အကွာ ရဲရမန်းရွာအနီး၌ တည်ရှိသည်။ ပင်မတမံမှာ RCC ကွန်ကရစ် အမျိုးအစားဖြင့် တည်ဆောက်ထားကာ အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေ ရှိပြီး ကန်ရေပြည့် သိုလှောင်နိုင်သည့်ပမာဏမှာ ဧကပေ ၂၀ သိန်းဖြစ်၍ စက်တပ်ဆင်စွမ်းအား ၇၉၀ မဂ္ဂါဝပ်နှင့် ဒီဇိုင်းအရ တစ်နှစ် ထုတ်လုပ်နိုင်မှုမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၃၅၅၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သဲကုန်း ဇူလိုင် ၁၆**

၂၀၁၇ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသည့် အသက် ၂၅ နှစ်အောက် သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား နယ်မြေပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီက ပြည်မြို့ မြို့သစ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်၌ သဲကုန်းနယ်မြေဘောလုံးအသင်းနှင့် ဆင်မြီးဆွဲနယ်မြေဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သဲကုန်းနယ်မြေအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသော ဆင်မြီးဆွဲနယ်မြေအသင်းအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှက ဆုတံဆိပ်များကို ပေးအပ်ခဲ့ပြီး ငွေသားဆုနှင့် ဆုဖလားအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချိုက ချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ပထမဆုရရှိသော သဲကုန်းနယ်မြေအသင်းအား ပြည်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဝင်းက ဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးပန္နက်တော်တင်တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကျင်းပ




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အဖွဲ့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးပန္နက်တော်တင်အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး ပန္နက်တော်တင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၆၇ လမ်းနှင့် ၆၆ လမ်း၊ သရဖီနှင့်ကံ့ကော်လမ်းကြားရှိ အဆိုပါအဆောက်အအုံ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ မန္တလေးမြို့တော်ဝန်၊ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ပန္နက်တော်တင်တွင်းတော်ဝန်းပေးကြပြီး အမွှေးနံ့သာများပက်ဖျန်းပေးကြသည်။

အဆိုပါ တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသည် အလျားပေ ၂၄၀၊ အနံ ပေ ၂၄၀ ရှိ RC သုံးထပ်အဆောက်အအုံဖြစ်ပြီး ၄ ဒသမ ၉၉ ဧကကျယ်ဝန်းသောမြေပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနတည်ဆောက်ရေး (၂) အဆောက်အအုံ အထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့၌ လူမှုအခြေပြုဗဟိုဌာန (Community Centre) ဖွင့်ပွဲအခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့တွင် ကျင်းပသည်။

ရှေးဦးစွာ လူမှုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jaroslav Dolecek ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းနှင့် မြို့မိမြို့ဖ ဦးရောလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့က လူမှုအခြေပြုဗဟိုဌာန (Community Centre) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ယနေ့မြစ်ကြီးနားမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးခရိုင်ရုံးတွင် လူမှုအခြေပြုဗဟိုဌာန (Community Centre)နှင့် ရွေ့လျားစာကြည့်တိုက် (Mobile Library) တို့ ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်အဆက်ဆက်မှပင် ဆောင်ရွက်ခဲ့သည့် သတင်းအချက်အလက် ပြန်ကြားရေးအလုပ်ကို အဓိကဆောင်ရွက်ပါကြောင်း၊ ဒီမိုကရေစီစနစ်အရ ရွေးကောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များမှ ဆက်လက်ခန့်အပ်ထားသည့် အစိုးရအနေဖြင့် ပြည်သူ့အတွက် မည်သို့ဆောင်ရွက်နေသည်ကို ပြန်လည်အစီရင်ခံသည့် သတင်းအချက်အလက်ထုတ်ပြန်ပေးခြင်းအပြင် ပြည်သူတို့ သိသင့်သိထိုက်သည့် ပြည်တွင်းသတင်းများနှင့် နိုင်ငံတကာ သတင်းအချက်အလက်များကို အသိပေးတင်ပြသည့်ပင်မအလုပ်ကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အများပြည်သူကို အသိပညာဗဟုသုတတိုးပွားစေရန် တစ်နည်းအားဖြင့် ပညာရည်မြှင့်တင်သည့် အလုပ်ကို စာကြည့်တိုက်များဖြင့် ဆောင်ရွက်နေပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများဖြင့်ပေးသည့် အပိုင်းနှင့် အသိပညာဗဟုသုတပေးခြင်းကို စာကြည့်တိုက်များဖွင့်လှစ်သည့်အပိုင်းဖြင့် ယခင်ကတည်းကပင် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ခေတ်ကာလပြောင်းလဲလာမှုနှင့်အတူ လူမှုအဖွဲ့အစည်းပုံသဏ္ဍာန်များ ပြောင်းလဲလာခဲ့ရာ နည်းပညာနှင့် ပစ္စည်းကိရိယာများ ပြောင်းလဲလာမှုအပေါ်မူတည်ပြီး လူမှုအခြေပြုဗဟိုဌာန (Community Centre)များကို အများပြည်သူနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံသည့် ပြည်သူ့ဆက်ဆံရေးအလုပ်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ယခုအခါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနများတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား(တီဗွီ)တို့နှင့် မလုံလောက်တော့သဖြင့်အဆောက်အအုံ၊ ပရိဘောဂမှစ၍ တတ်နိုင်သမျှဖြင့် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ Community Centre တွင် ကလေးများငယ်စဉ်မှစ၍ စာဖတ်ဝါသနာပါစေရန်၊ စာအုပ်ရှိသည့် ပတ်ဝန်းကျင်တွင် ကလေးများပျော်တတ်စေရန် စိတ်ဝင်စားအောင် စီမံဆောင်ရွက်ထားပါကြောင်း။


ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jaroslav Dolecek ၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် တာဝန်ရှိသူများက လူမှုအခြေပြုဗဟိုဌာနအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူမှုအခြေပြုဗဟိုဌာန (Community Centre) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

ထို့ပြင် ရပ်ရွာလူထုအနေဖြင့် ရပ်ရွာကိစ္စရပ်များကို စုဝေးပြီး တိုင်ပင်နိုင်ရန်၊ ဥပဒေနှင့်အညီ ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရန်၊ ဒီမိုကရေစီ အသွင်ကူးပြောင်း ကာလတွင် နိုင်ငံ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုများတွင် လူအများပါဝင်လာစေရန် စသည့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေး ပျိုးထောင်ချဲ့ထွင်နေသည့် ကာလတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ Community Centre တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆိုင်းဘုတ်တပ်ဆင်ထားသော်လည်း ရပ်ရွာပြည်သူလူထုပစ္စည်းကဲ့သို့ သဘောထားပြီး Community Centre လုပ်ငန်းအောင်မြင်စေရန် ဝိုင်းဝန်းဆောင်ရွက်ရင်း ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့က အမှာစကားများပြောကြားကြပြီး မြို့မိမြို့ဖ ဦးလခရိဇော်ဘောက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက မြစ်ကြီးနား လူမှုအခြေပြုဗဟိုဌာန(Community Centre)ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ချက်သမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဒေါက်တာသန့်သော်ကောင်းတို့ထံ ပေးအပ်သည်။

ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ချက်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောင်ရွက်သော ရွေ့ပြောင်းစာကြည့်တိုက် (Mobile Library Bus)၊ မြစ်ကြီးနား လူမှုအခြေပြုဗဟိုဌာန ပင်မအဆောက်အအုံအတွင်းရှိ ပြတိုက်ငယ် (Museum)၊ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်၊ သင်တန်းခန်းမ၊ အစည်းအဝေးခန်းမ၊ လေဟာပြင်ကိုယ်ကာယလေ့ကျင့်ရေးကွင်း၊ စာအုပ်အရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံး၊ Youth Centre နှင့် ကိုယ်ကာယလေ့ကျင့်ရေးခန်းမတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံသတင်းစာအသင်း မွန်ပြည်နယ်နှစ်ပတ်လည်စည်းဝေး

**ရေး ဇူလိုင် ၁၆**

မြန်မာနိုင်ငံသတင်းစာအသင်း မွန်ပြည်နယ်နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီက မွန်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပရာ အစည်းအဝေးတွင် မွန်ပြည်နယ်သတင်းစာအသင်းသဘာပတိ ဦးသိန်းလှိုင်က မြန်မာ့သတင်းစာလောက ဖွံ့ဖြိုးတိုးတက်လာစေရေးဖြင့် နောင်လာမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် သတင်းစာအတတ်ပညာများ ခေတ်စနစ်နှင့်အညီ ဖြစ်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သတင်းကျင့်ဝတ်များနှင့်အညီ သတင်းသမားကောင်းဖြစ်ရန်အတွက် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပြိုင်တူလုပ်ဆောင်ရမယ့် အရာနှစ်ခုဖြစ်ပါတယ်

တွေ့ဆုံမေးမြန်း - သာစိန်၊ ကျော်ထိုက်စိုး

## (မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

**ဇူလိုင် ၁၆ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံဆက်ဆံရေးတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr. Eduardo Kapunan နှင့် တွေ့ဆုံမေးမြန်းထားသည်ကို ဘာသာပြန်ဖော်ပြအပ်ပါသည်။**

**မေး။ ။ မြန်မာနဲ့ဖိလစ်ပိုင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဟာ ၁၉၅၆ ခုနှစ်ကတည်းက တည်ထောင်ခဲ့တာဖြစ်ပါတယ်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကာလဟာ အာဆီယံအဖွဲ့ကြီး ဖွဲ့စည်းမှုထက် သက်တမ်းပိုမိုကြာမြင့်တာ တွေ့ရပါတယ်။ ယခုနှစ်မတ်လအတွင်းမှာ သမ္မတ ဒူတာတေး မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့စဉ်ကလည်း နှစ်နိုင်ငံအကြား မယှိုင်မလဲခိုင်မြဲတဲ့ ရင်းနှီးမှုကို ချီးမွမ်းပြောဆိုခဲ့တာ ရှိပါတယ်။ အဲဒီ မြန်မာ-ဖိလစ်ပိုင် သံတမန် ဆက်ဆံရေးအပေါ်မှာ သံအမတ်ကြီးရဲ့ သုံးသပ်ချက်တွေကိုလည်း မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ။ နှစ်နိုင်ငံအကြား အတော်ကောင်းမွန်တဲ့ လက်ရှိဆက်ဆံရေးထက် ပိုမိုပြီးကောင်းမွန်အောင် လုပ်ဆောင်နိုင်တဲ့ အခြေအနေတွေ ရှိနေပါသေးတယ်။ လက်ရှိ နှစ်နိုင်ငံ ဆက်ဆံရေးအခြေအနေထက် ပိုပြီးကောင်းမွန်လာဦးမယ်လို့လည်း မြင့်မားတဲ့မျှော်လင့်ချက်တွေ ကျွန်တော့်မှာ ရှိနေပါတယ်။

**မေး။ ။ မြန်မာနဲ့ ဖိလစ်ပိုင်က လယ်ယာစိုက်ပျိုးရေး၊ အလုပ်သမား၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါတယ်။ သမ္မတ ဒူတာတေးရဲ့ ခရီးစဉ်အတွင်းမှာ စားနပ်ရိက္ခာဖူလုံရေးနဲ့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာတစ်ရပ်ကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီ ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး သံအမတ်ကြီးအနေနဲ့ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီပူးပေါင်းဆောင်ရွက်မှုက စားနပ်ရိက္ခာဖူလုံရေးအတွက် ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့ အကြံဉာဏ်တွေ ဖလှယ်ကြတာပဲဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ စားနပ်ရိက္ခာဖူလုံရေးနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေရှိခဲ့သလို ဒါနဲ့ပတ်သက်ပြီးလည်း သင်ခန်းစာတွေ အများကြီးရရှိခဲ့ပါတယ်။ ဒီမိုကရေစီသမ္မတ နိုင်ငံတော်သစ်တစ်ခု တည်ဆောက်နေတဲ့ မြန်မာနိုင်ငံကို ကျွန်တော်တို့နိုင်ငံမှာ တွေ့ကြုံခဲ့ရတဲ့ အတိတ်ကာလက အမှားတွေ၊ အတိတ်က အတွေ့အကြုံတွေကို သင်ခန်းစာယူနိုင်ဖို့ မျှဝေပေးနိုင်ပါလိမ့်တယ်။

စားနပ်ရိက္ခာဖူလုံရေးနဲ့ပတ်သက်ပြီး အကြံဉာဏ်တွေဖလှယ်ရာမှာ နည်းလမ်းနှစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံကနေ လေ့လာသင်ယူနိုင်တာနဲ့ ဖိလစ်ပိုင်နိုင်ငံကနေ လေ့လာသင်ယူနိုင်တာ အပြန်အလှန်သဘောမျိုး ဖြစ်ပါလိမ့်မယ်။

**မေး။ ။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်မှာ တည်ရှိတဲ့ မာရာဝီမြို့တော်ရဲ့လက်နက်ကိုင်ပဋိပက္ခအကြောင်းတွေလည်း ကြားသိနေရပါတယ်။ အဲဒီပဋိပက္ခဖြစ်ပွားမှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ မာရာဝီမြို့တော်ကဖြစ်ရပ်နဲ့ မင်ဒါနာအိုလက်နက်ကိုင်ပဋိပက္ခကို ကျွန်တော်တို့ ခွဲခြားပြီးမြင်စေလိုပါတယ်။ မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (MNLF) နဲ့ MNLF ကနေ နာမည်တွင်လာတဲ့ မိုရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး (MILF) တွေလို အဖွဲ့တွေက ဘန်ဆာမိုရိုအစ္စလာမ့်စ်လွတ်မြောက်ရေး တိုက်ခိုက်ရေးသမားတွေ တစ်နည်းအားဖြင့် (BIFF)တွေ ဖြစ်လာခဲ့ပါတယ်။ အဲဒီအဖွဲ့အများစုဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ လူမှုရေးအခြေအနေ မညီမျှမှုတွေဖြစ်ပေါ်ခဲ့ရာမှ စတင်ခဲ့တာဖြစ်ပါတယ်။ ပုန်ကန်ရတဲ့ အဓိကအကြောင်းရင်းအမှန်ကတော့ မျှတမှုမရှိလို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ဖိလစ်ပိုင်အစိုးရအနေနဲ့ တရားရေးစနစ်ကို အမှန်တကယ်တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံရေးဆိုင်ရာ မျှတမှုမရှိရင် အုပ်ချုပ်ရေးမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု မရှိနိုင်ပါဘူး။ ဒါကြောင့် ဒီပြဿနာတွေအားလုံးကို အခုချိန်မှာ ဖြေရှင်းနေရခြင်းဖြစ်ပါတယ်။

မကြာသေးခင်ကဖြစ်ပွားခဲ့တဲ့ မာရာဝီဖြစ်ရပ်ဟာလည်း အစွန်းရောက်တွေကြောင့် ဖြစ်ခဲ့ရတာပါ။ ဆီးရီးယား၊ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေက တင်းကျပ်တဲ့ဘာသာရေးအယူဝါဒီ တပ်ဖွဲ့တွေနဲ့ ဆက်သွယ်ဖို့ကြိုးစားခဲ့တဲ့ ဖိလစ်ပိုင်လူမျိုးအချို့ကြောင့် ဒီဖြစ်စဉ် ဖြစ်ပွားခဲ့ရတာဖြစ်ပါတယ်။ အာဖဂန်နစ္စတန်နဲ့ ရုရှားတို့အကြား ဖြစ်ပွားခဲ့တဲ့စစ်ပွဲမှာ ပါဝင်ခဲ့တဲ့ မူဆလင်အများစုဟာ စစ်ပွဲပြီးဆုံးသွားတဲ့အချိန်မှာ ဘော့စနီးယားနဲ့ ဟာဇီဂိုးဗီးနားကို သွားရောက်ကြပြီး နောက်စစ်ပွဲတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီစစ်ပွဲအပြီးမှာတော့ သူတို့ဟာ ဖိလစ်ပိုင်နိုင်ငံကို ပြန်လာကြပြီး အခုချိန်မှာတော့ ဒီလိုအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

ဘာသာရေးနဲ့ပတ်သက်ရင် ဖိလစ်ပိုင်အင်စတီကျူးရှင်းတွေဟာ နိုင်ငံအတွင်းမှာရှိနေတဲ့ ဘယ်ဘာသာကိုမဆို ဘာသာရေးလွတ်လပ်ခွင့်ပေးပါတယ်။ အဲဒီပြဿနာတွေကို တစ်နည်းအားဖြင့် အစွန်းရောက်တွေအား အမှန်တကယ်မလိုလားတဲ့ အခြားမူဆလင် နိုင်ငံတွေရဲ့အကူအညီတွေ ရယူပြီးလည်း ဖြေရှင်းနေပါတယ်။

မာရာဝီဖြစ်စဉ်ဟာ ဖိလစ်ပိုင်နိုင်ငံမှာရှိတဲ့ အိုင်အက်စ်အဖွဲ့နဲ့ ဆက်စပ်မှုရှိတဲ့အဖွဲ့တစ်ဖွဲ့ရဲ့ ပထမဆုံးအကြိမ်တိုက်ခိုက်မှုဖြစ်ပါတယ်။ ဖိလစ်ပိုင်အစိုးရအနေနဲ့ ယခုအချိန်မှာ အဲဒီအဖွဲ့ကိုဖြိုခွဲဖို့ စိတ်အလွန်ထက်သန်နေပါတယ်။ ဘာသာရေးယုံကြည်ချက်နဲ့ အဲဒီလိုလုပ်ဆောင်ချက်တွေဟာ နိုင်ငံတစ်နိုင်ငံကိုခွဲဝေယူနေသလို ဒေသတွင်းမှာလည်း ဆင်းရဲမွဲတေမှုကို ဖြစ်စေပါတယ်။ ဒီဖြစ်ရပ်တွေမှာ အမှန်တကယ်ပါဝင်ခြင်းမရှိတဲ့ အရပ်သားတွေအတွက် ဒုက္ခရောက်စေပါတယ်။ ဖိလစ်ပိုင်သမ္မတကြီးအနေနဲ့ ဒီအကျပ်အတည်းကို အဆုံးသတ်နိုင်ဖို့ အထူးအလေးထားပြီး လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

**မေး။ ။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအပေါ်မှာ စိန်ခေါ်မှုတွေ ဘယ်လိုရှိနေပါသလဲ၊ အလားအလာတွေကရော ဘာတွေဖြစ်မလဲ။**

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ရာမှာ ပန်းခင်းလမ်းကို မလျှောက်ရဘဲ ဆူးခင်းလမ်းကို လျှောက်နေရတယ်ဆိုတာ ကျွန်တော် နားလည်သဘောပေါက်ပါတယ်**

ဖြေ။ ။ အလွန်အလားအလာ ကောင်းတယ်လို့ပြောနိုင်ပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ တစ်ကြိမ်လောက် စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနိုင်ရင် အခြားစိန်ခေါ်မှုတွေကို ဘယ်နည်းနဲ့ ဖြေရှင်းနိုင်မလဲဆိုတဲ့ နည်းလမ်းတွေ ရှာတွေ့မှာဖြစ်ပါတယ်။ မိုရိုအစ္စလာမ့်စ်လွတ်မြောက်ရေးတပ်ဦး (MILF) နဲ့ မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (MNLF) တို့ အနေနဲ့လည်း မာရာဝီဖြစ်စဉ်မှာ အစိုးရကို ကူညီနှိမ်နင်းပေးမယ့် ရည်ရွယ်ချက်ရှိတယ်လို့ သိရပါတယ်။ အဲဒီမျှော်လင့်ချက်တွေဟာ အလွန်ကိုပဲ မြင့်မားနေပါတယ်။ အဲဒီအခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့လည်း ကျွန်တော်ယူဆထားသလို စိန်ခေါ်မှုအနည်းငယ်လည်းရှိနိုင်ပါတယ်။ အဓိက စိန်ခေါ်မှုအချို့ကတော့ အစိုးရခေါင်းဆောင်ပိုင်းက ခြောက်နှစ်တစ်ကြိမ် အပြောင်းအလဲဖြစ်လေ့ရှိတာကြောင့် အစိုးရဲ့ ရည်မှန်းချက်တွေဟာ ယေဘုယျအားဖြင့် အချိတ်အဆက်မမိဘဲ ဖြစ်နေပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့အစိုးရ သုံးဆက်အတွင်းမှာတော့ ရည်မှန်းချက်က သိပ်ပြီးတော့ အပြောင်းအလဲမရှိခဲ့ပါဘူး။ အပြောင်းအလဲမရှိဘူးဆိုတာကို အာမခံနိုင်တဲ့ အဆင့်ရောက်ရင် ပြည်သူတွေ မျှော်လင့်ထားတာထက် ပိုမြန်တဲ့အချိန်တိုအတွင်းမှာ ပြဿနာတွေကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှာ ဖြစ်ပွားနေတဲ့ ဖြစ်ရပ်တွေကြောင့် တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားဆိုင်ရာ ဆိုးကျိုးတွေ၊ အကျိုးသက်ရောက်မှုတွေကိုလည်း ရှင်းပြပေးပါ။**



မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး
Mr. Eduardo Kapunan

ဖြေ။ ။ တချို့နေရာတွေမှာ တရားဥပဒေစိုးမိုးမှု လုံးဝမရှိဘူးလို့ပြောဆိုနေကြတာကို ကျွန်တော့်အနေနဲ့ လက်မခံပါဘူး။ တကယ်လို့ တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုရင် သူပုန်တွေက သူတို့နေချင်သလို နေလို့ရမှာပေါ့။ အဲဒီလို တရားဥပဒေစိုးမိုးမှုရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာတော့ စိန်ခေါ်မှုတွေရှိနေပါတယ်။

ပဋိပက္ခဖြစ်တဲ့နေရာတွေမှာတော့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုတွေရှိနေပါတယ်။ ဥပမာအနေနဲ့ မင်ဒါနာအိုလို ပဋိပက္ခဖြစ်နေတဲ့ဒေသတွေကိုပဲကြည့်ပါ။ ဖွံ့ဖြိုးတိုးတက်ပြီး မင်ဒါနာအိုနဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ မင်ဒါနာအိုဆိုပြီး အခြေခံအားဖြင့် နှစ်ပိုင်းခွဲ မြင်နိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်တဲ့ မင်ဒါနာအိုမှာ ဒေသန္တရအုပ်ချုပ်ရေးက ခိုင်မာအားကောင်းတဲ့အတွက် အခွင့်အလမ်းတွေ ပြည့်နှက်နေပါတယ်။ ပြည်သူတွေအနေနဲ့ ကောင်းမွန်တဲ့ အနာဂတ်တစ်ရပ်ကို အမှန်တကယ် ဆက်လက်လုပ်ဆောင်နိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ မင်ဒါနာအိုမှာတော့ ကောင်းမွန်တဲ့ ပညာရေးစနစ်မရှိပါဘူး။ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုတွေမှာလည်း သံသယတွေဖြစ်နေကြပါတယ်။ ဒေသန္တရအစိုးရ အာဏာပိုင်တွေအနေနဲ့ အဓိကသက်ဆိုင်နေပါတယ်။

ဗဟိုအစိုးရက သတ်မှတ်ထားတဲ့ရည်မှန်းချက်ကို အဲဒီဒေသမှာ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ဖို့ စိန်ခေါ်မှုတွေရှိနေပါတယ်။ ဒီပြဿနာနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးအရ အပြစ်တင်ရမယ်ဆိုရင် ကျွန်တော့်အနေနဲ့ အဲဒီဒေသက ဒေသန္တရအစိုးရအဖွဲ့မှာရှိတဲ့ တာဝန်ရှိသူတွေကို ပထမဆုံးအပြစ်တင်ရမှာ ဖြစ်ပါတယ်။ ဒေသန္တရအစိုးရမှ တာဝန်ရှိသူတွေဟာ ဗဟိုအစိုးရရဲ့ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရာမှာ ဆင်းရဲမွဲတေမှုနဲ့ မမျှတမှုတွေရဲ့ ဝန်ထုပ်ဝန်ပိုးတွေကိုလည်း ထမ်းပိုးနေရသူတွေဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သူတို့အနေနဲ့ တစ်စုံတစ်ခုကိုတော့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

**မေး။ ။ မင်ဒါနာအိုဖြစ်စဉ်နဲ့ယှဉ်ပြီး မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်မှာ အကြမ်းဖက်ဝါဒဖြစ်ပွားခဲ့မှုအပေါ် သံအမတ်ကြီးရဲ့အမြင်ကို သိပါရစေ။**

ဖြေ။ ။ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ကျွန်တော်အရဲစွန့်ပြီး မပြောချင်ပါဘူး။ မပြောလိုတဲ့ အကြောင်းတစ်ချက်ကတော့ အခြေအနေတွေက မတူညီပါဘူး။ ယဉ်ကျေးမှုရှုထောင့်တွေကလည်း မတူညီသလို ဖြစ်ပွားရတဲ့ အကြောင်း ရင်းတွေကလည်း အမှန်တကယ်ကို မတူညီနိုင်ပါဘူး။ မင်ဒါနာအိုဖြစ်စဉ်နဲ့ ရခိုင်ကိစ္စနှစ်ခုစလုံးဟာ မတူညီတဲ့အတွက် ကျွန်တော် မနှိုင်းယှဉ်လိုပါဘူး။ ကျွန်တော်ပြောနိုင်တာတစ်ခုကတော့ ဒါဟာ ဒေသန္တရအုပ်ချုပ်ရေးကိစ္စလို့ ကျွန်တော် ခံယူထားပါတယ်။

**မေး။ ။ သံအမတ်ကြီးပြောခဲ့သလို ရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေအပေါ် ဘယ်လိုဖြေရှင်းနိုင်မယ်လို့ မြင်ပါသလဲ။**

ဖြေ။ ။ ဒေသန္တရအစိုးရအနေနဲ့ ပထမဦးစားပေးဖြေရှင်းသင့်တဲ့ပြဿနာလို့ မြင်ပါတယ်။

**မေး။ ။ အာဆီယံဥက္ကဋ္ဌရာထူးအတွက် ဖိလစ်ပိုင်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ အပြည့်အဝပူးပေါင်းဆောင်ရွက်နေပါတယ်။ ယခုနှစ် ဩဂုတ်လအတွင်းမှာ အာဆီယံနှစ် ၅၀ ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပတော့မှာဖြစ်တဲ့အတွက် အာဆီယံနဲ့ပတ်သက်ပြီး သံအမတ်ကြီးရဲ့ လှုံ့ဆော်အားပေးမှုက ဘာဖြစ်မလဲ။**

ဖြေ။ ။ ကျွန်တော့်ရဲ့ဆန္ဒကတော့ အာဆီယံသည် ပိုမိုအင်အားကြီးမားလာပြီး အာဆီယံအဖွဲ့နဲ့ အခြားကမ္ဘာ့နိုင်ငံတွေအကြား ဆက်ဆံရေးကို ပိုမိုယုံကြည်မှုရှိလာစေချင်ပါတယ်။ အခြား နိုင်ငံတွေဟာ သူတို့ရဲ့အကျိုးစီးပွားနဲ့ပတ်သက်ရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိတဲ့နည်းလမ်းနဲ့ ပြုမူဆောင်ရွက်တတ်ကြပါတယ်။ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးယုံကြည်မှုကတော့ အာဆီယံအဖွဲ့ဟာ ညီရင်းအစ်ကိုမောင်ရင်းနှမတွေလိုပါပဲ။ အစ်ကို၊ အစ်မတွေ ဆိုးတာတွေပဲ လုပ်နေပါစေ၊ သူတို့ကို ဥပေက္ခာမပြုနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တစ်အူထုံ့ဆင်း မောင်နှစ်မတွေ ဖြစ်နေလို့ပါ။ အဲဒီလိုဆက်ဆံရေးရှိနေတာကို ဖျက်လိုဖျက်ဆီး ဖြစ်စေတဲ့ ကောလာဟလတွေကလည်း ပိုများလာနေပါတယ်။ ကျွန်တော်တို့အနေနဲ့ အာဆီယံအဖွဲ့ဝင်ဖြစ်ရတာ ဂုဏ်ယူပါတယ်။

အာဆီယံအဖွဲ့အတွက် ကျွန်တော့်ရဲ့မျှော်မှန်းချက်ကတော့ ပိုမိုကောင်းမွန်သောဆက် ဆံရေးရှိတဲ့၊ ပိုမိုထက်မြက်သောခေါင်းဆောင်မှုရှိတဲ့၊ အခြားကမ္ဘာ့နိုင်ငံတွေနဲ့ ပိုမိုယုံကြည်မှုရှိသောဆက်ဆံရေးတစ်ရပ်ရှိနေတဲ့ အာဆီယံအဖွဲ့ကြီး ဖြစ်စေလိုပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် သံအမတ်ကြီးရဲ့ ထင်မြင်ချက်ကိုလည်း သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ လုပ်ငန်းစဉ်အပေါ် ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ ရှည်လျားတဲ့ခရီးတစ်ခုကို လျှောက်လှမ်းခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် လုပ်ဆောင်စရာတွေ များစွာကျန်ရှိနေပါသေးတယ်။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်တော် စောင့်ကြည့်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်မှုတွေအပေါ် ကျွန်တော် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုလည်း ပြောခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ရာမှာ ပန်းခင်းလမ်းကိုမလျှောက်ရဘဲ ဆူးခင်းလမ်းကို လျှောက်နေရတယ်ဆိုတာ ကျွန်တော် နားလည်သဘောပေါက်ပါတယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ရာမှာ နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေး မြင်တွေ့ရမယ်ဆိုတဲ့ တိကျခိုင်မြဲတဲ့ စိတ်ပိုင်းဖြတ်ထားမှုသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပြိုင်တူလုပ်ဆောင်ရမယ့် အရာနှစ်ခုဖြစ်ပါတယ်။ အဲဒီနှစ်ခုထဲက တစ်ခုတည်းနဲ့ နိုင်ငံကို တိုးတက်အောင် မလုပ်ဆောင်နိုင်ပါဘူး။ နိုင်ငံတိုးတက်အောင် နှစ်ခုစလုံးနဲ့သာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အစိုးရ၊ တပ်မတော်သားတွေနဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေ၊ အရပ်သား ပြည်သူတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေအများကြီးလိုအပ်တယ်လို့ ပြောလိုပါတယ်။

အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# နှစ်လနာရီ ခါရာသီရွှေ့ပေမယ့် မမေ့ပျောက်ရှမရသော အာဇာနည်နေ့

## တက္ကသိုလ်ပွင့်သူအောင်

မြန်မာနိုင်ငံနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်ရန် ကြိုးပမ်းစဉ်ကာလ၊ လွတ်လပ်ရေးဗိသုကာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသော ဒီးဒုတ်ဦးဘချို သတင်းဖြန့်ချိရေးနှင့် ဝါဒဖြန့်ဖြူးရေးဝန်ကြီး၊ သခင်မြဘဏ္ဍာရေးဝန်ကြီး၊ မစ္စတာ အဗ္ဗဒူရာဇာတ် ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး၊ ဦးဘဝင်း (ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို) ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာနဝန်ကြီး၊ မန်းဘခိုင် စက်မှု လက်မှုနှင့် အလုပ်သမားဌာနဝန်ကြီး၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ တောင်တန်းနယ်ဝန်ကြီး၊ အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့် ကိုထွေးတို့သည် နယ်ချဲ့လက်ပါးစေ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့သည်။ ယခုနှစ်တွင် နှစ် (၇၀) ပြည့်ခဲ့ပြီဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများကို ပြည်သူအားလုံး တလေးတစား အမှတ်တရရှိစေရန် အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်ဆောင်ဆန်း၏ မိန့်ခွန်းများကို မြန်မာ့အသံရေဒီယိုမှ လွှင့်ထုတ်ပေးခြင်း၊ တစ်နိုင်ငံလုံးတွင် အာဇာနည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပပေးခဲ့ခြင်းများ ပြုလုပ်ခဲ့သည်။ အာဇာနည်နေ့ရောက်တိုင်း မြန်မာ့အသံမှ လွှင့်ထုတ်သော အဆိုတော်ကြီးဒေါ်မေလှမြိုင်၏ "နှစ်လနာရီ...ခါရာသီ ရွှေ့ပေမယ့် ... အာဇာနည်နေ့ကိုဖြင့် ...မမေ့သင့်ပါသလေ... ယနေ့ဖြင့်သတိတရားထားဖို့အခြေ ...အများပြည်သူတွေ အများပြည်သူတွေ ...အာဇာနည်နေ့ကိုလေ တွေးရှုကာပဲ

**လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ ... ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှုဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေး ရပင်ရငြားသော်လည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး နက်ဖြန်ခါ တခြားလက်ပြန်ပါ သွားမှာပဲ**

အလေးပြုပါမယ်လေ..." အာဇာနည်နေ့ဂုဏ်ပြုတေးသံမှာ ကြားရသူတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရလွမ်းဆွတ်စေပြီး မျက်ရည်ဝိုင်းစေခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၌ အတွင်းဝန်များရုံးတွင် အစည်းအဝေးတက်ရန် ထူးထူးခြားခြား ရွှေဖလားရောင် ဘန်ကောက်လုံချည်၊ မန္တလေးပိုးတိုက်ပုံဖြင့် မြန်မာဆန်ဆန်ဝတ်ဆင်ထားပြီး ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ်ညှပ်ထားသော ဗိုလ်ချုပ်ကို ယနေ့ထက်တိုင် ပြန်လည်မြင်ယောင်အမှတ်ရစေခဲ့သည်။ နေအိမ်မှအထွက် ပြုံးပြုံးရွှင်ရွှင်နှင့် သမီးထွေးလေး (ယခုနိုင်ငံတော်၏ အတိုင်ပင်ခံ


ဗိုလ်ချုပ်အောင်ဆန်း


သခင်မြ


ဒီးဒုတ်ဦးဘချို


ဦးရာဇတ်


ဦးဘဝင်း


မန်းဘခိုင်


စဝ်စံထွန်း


ဦးအုန်းမောင်


ရဲဘော်ကိုထွေး

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ

ပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်)ကို ယုယစွာနမ်းရှုပ်နှုတ်ဆက်ခဲ့သည်။

ထိုစဉ်က ဝန်ကြီးများအသုံးပြုခဲ့သော အစည်းအဝေးစားပွဲမှာ စားပွဲရှည်သုံးခုကို ထောင့်ချိုး ဂငယ်ပုံ သုံးဖက်ပိတ် တစ်ဖက်ပွင့် ဆက်ထားခြင်းဖြစ်သည်။ ထိပ်စားပွဲ၏ အလယ်၌ ဗိုလ်ချုပ်ထိုင်နေပြီး ဗိုလ်ချုပ်၏ လက်ဝဲဘက်တွင် ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်က လည်းကောင်း၊ ဗိုလ်ချုပ်၏ လက်ယာဘက်နံဘေးရှိ စားပွဲရှည်၌ ဝန်ကြီးများဖြစ်ကြသော သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်တို့ကလည်းကောင်း ယှဉ်၍ထိုင်နေကြသည်။ ထိပ်ဆုံးစားပွဲ၏ လက်ဝဲဘက်နံဘေးရှိ စားပွဲရှည်၌ ဝန်ကြီး ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့ ယှဉ်ပြီးထိုင်နေကြသည်။ အချိန်အနည်းငယ်အတွင်းမှာပင် စစ်ဝတ်စုံဝတ်ထားသော လူသတ်သမား လေးငါးယောက်ဝင်လာပြီး လက်ထဲ၌ ကိုင်ထားသည့် တော်မီဂန်း၊ စတင်းဂန်း စက်သေနတ်များဖြင့် စတင်ပစ်ခတ်ကြသည်။ ထို့နောက် တော်မီဂန်းကိုင်ထားသော လူသတ်သမားက ဗိုလ်ချုပ်ကို စ၍ပစ်စဉ် ဗိုလ်ချုပ်ကမတ်တတ်ရပ်လိုက်ပြီး သေနတ်ပစ်သူတို့ဘက်သို့ လက်ကာပြရင်း တစ်စုံတစ်ခု ပြောလိုက်သည်။ ယင်းကဲ့သို့ လူသတ်သမားတို့၏ မိုက်မဲသောလုပ်ရပ်ကြောင့် ဗိုလ်ချုပ်အပါအဝင် ဝန်ကြီးခြောက်ဦးနှင့် အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့် ကိုထွေးတို့ ကျဆုံးခဲ့ကြသည်။ ဝန်ကြီး ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြနှင့် ဦးရွှေဘော်တို့မှာ သေနတ်သမားတို့၏ ပစ်ခတ်မှုဘေးမှ လွတ်မြောက်သွားခဲ့သည်။ ထို့နေ့ အစည်းအဝေးသို့ မတက်ရောက်ခဲ့သဖြင့် လူသတ်သမားတို့၏ သတ်ဖြတ်မှုဘေးမှ လွတ်မြောက်ခဲ့သော ဝန်ကြီးများမှာ ဦးကျော်ငြိမ်း၊ ဆမားဒူးဝါး ၊ စောစံဖိုးသင်နှင့်၊ ဦးဝမ်ကိုဟော တို့ဖြစ်ကြသည်။ ဝန်ကြီးဦးကျော်ငြိမ်းမှာ အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ဖြစ်ပြီး ကျန်ဝန်ကြီးများမှာ နယ်သို့ ခရီးလွန်နေသောကြောင့်ပင်ဖြစ်သည်။

နယ်ချဲ့လက်ပါးစေ လူသတ်သမားများ၏ လက်ချက်ကြောင့် ကျဆုံးသွားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို တာဝါလိန်းလမ်းရှိ နေအိမ်သို့ ယူဆောင်လာခဲ့သည်။ ထိုနေ့ညဉ့်ဦးအချိန်မှာပင် နိုင်ငံတော်အသံလွှင့်ဌာနမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါခေါင်းဆောင်များ လုပ်ကြံခံရ၍ ကျဆုံးသွားပြီဖြစ်ကြောင်း အသံလွှင့်ကြေညာခဲ့ရာ တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲစွာ ခံစားခဲ့ကြသည်။

ထို့နောက် ဇူလိုင်လ ၂၀ ရက်တွင် တာဝါလိန်းလမ်းနေအိမ်မှ ဗိုလ်ချုပ်၏ရုပ်ကလာပ်ကို ဂျူဗလီဟောသို့ ရွှေ့ပြောင်းခဲ့ရာတွင် လမ်းတစ်လျှောက် လူထုကြီးမှာ ဗိုလ်ချုပ်၏ ရုပ်ကလာပ်ကို ကြေကွဲဝမ်းနည်းစွာဖြင့် အလေးပြုခဲ့ကြသည်။ အချို့ပြည်သူတို့၏ ငိုကြွေးသံများမှာလည်း ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့ခဲ့သည်။ ၁၉၄၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံတော်ဈာပနအဖြစ် အာဇာနည်ကုန်းထက်တွင် ကျင်းပခဲ့ရာ ထိုအခမ်းအနားသို့ ပြည်သူလူထုများက လိုက်လံပို့သခဲ့သည်။ ပြည်သူ့ဈာပနအခမ်းအနားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးတို့၏ ရုပ်ကလာပ်များကို အာဇာနည်ကုန်း၌ ဂူသွင်းခဲ့သည်။ ယင်းဂူများပေါ်တွင် ပြည်သူလူထုက ဝမ်းနည်းကြေကွဲစွာဖြင့် ဂုဏ်ပြုခဲ့သည့် လွမ်းသူ့ပန်းခွေများ စုပုံခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွားခဲ့သည်မှာ ယခုနှစ်တွင် နှစ်(၇၀)ပြည့်သွားခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ နှစ်ပေါင်း (၇၀) ကြာပြီဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံသူ နိုင်ငံသားတို့က မေ့ပျောက်ခဲ့ခြင်းမရှိပေ။ အကြောင်းမှာ သာမန်ခေါင်းဆောင်များတွင် အပြည့်အစုံတွေ့ရန်မလွယ်လှသည့် ဗိုလ်ချုပ်၏ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားခြင်း၊ ရိုးသားဖြောင့်မတ်တည်ကြည်ခြင်း၊ ဉာဏ်ပညာအမြော်အမြင်ကြီးမားခြင်းနှင့် ခေါင်းဆောင်မှုအရည်အသွေးမြင့်မားခြင်း စသည့် ဂုဏ်အင်(၄)ရပ်ကြောင့် ဖြစ်သည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးအရ အလွန်အရေးကြီးသည့် ထူးခြားမှု (၃) ရပ်ဖြစ်သော မြန်မာ့နိုင်ငံရေးဓလေ့တွင် စွဲခိုင်နေသည့် ဂိုဏ်းဂဏဝါဒကို ပယ်နိုင်ခြင်း၊ မြန်မာ့နိုင်ငံရေးဘဝတွင် အသားကျနေသည့် တရားသေဝါဒကို ကျော်လွှားနိုင်ခြင်းနှင့် တိုင်းပြည်၏ ပကတိအရှိကို လက်တွေ့ကျကျ ကြည့်မြင်ပြီး ပြတ်ပြတ်သားသား ဆုံးဖြတ်လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ဗိုလ်ချုပ်သည် သူနှင့်ခေတ်ပြိုင် နိုင်ငံရေးခေါင်းဆောင်အားလုံးထက် ထူးထူးခြားခြား ပိုမိုမြင့်မားခဲ့ခြင်းပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာကုန်းမြေပြင်၌ လွတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ကျဆုံးသွားခဲ့သော အာဇာနည်များအား သတိတရ လေးစားသောအားဖြင့် ယာယီ ကျောက်တိုင်စိုက်ထူ၍ အလေးပြုခဲ့သည်။ ယင်းအခမ်းအနား၌ ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့သော မိန့်ခွန်းမှာ အလွန်မှတ်သားဖွယ်ကောင်းလှသည်။ ဗိုလ်ချုပ်က "ယနေ့ကျင်းပတဲ့ပွဲဟာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ခိုက်ရာမှာ ကျဆုံးသွားတဲ့ ရဲဘော်တွေကိုရည်စူးပြီး ချီးကျူးတဲ့အထိမ်းအမှတ်ဖြစ်ပါတယ်။ ရဲဘော်တွေဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်စွန့်သွားကြတာကိုလည်း အများသိပြီးဖြစ်ပါတယ်။ ဒီနေရာမှာစုရုံးပြီး အရိုအသေပြုနေရုံမျှဖြင့် ကျဆုံးသွားတဲ့ ရဲဘော်များကို ချီးကျူးရာရောက်မှာမဟုတ်ပါဘူး။ တကယ်ချီးကျူးရာရောက်အောင် ကျွန်တော်တို့ရဲ့ ရဲဘော်များသွေးနဲ့ စိုက်ပျိုးထားခဲ့တဲ့ လွတ်လပ်ရေးပန်းပင်ကို ကျွန်တော်တို့က အစဉ်တစိုက်မြေတောင်မြှောက်ပေးပြီး ပေါင်းသင်ပေးဖို့လိုပါတယ်။ ဒီလိုဆက်ပြီး ကြိုးပမ်းလုပ်ကိုင်ကြပါမှ တကယ်ချီးကျူးရာရောက်မှာဖြစ်ပါတယ်။ ကျဆုံးသူများကို အမြဲအမှတ်ရနေပြီး တိုင်းပြည်နဲ့ လူမျိုးအကျိုးရှိမယ့် အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ ဒီလိုမလုပ်နိုင်ဘူးဆိုရင် ကျဆုံးသွားတဲ့ ရဲဘော်တွေကို သစ္စာဖောက်ရာ ကျရောက်ပါတယ်" ဟူ၍ မိန့်ကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့သော "ပြည်သူ့အစည်းအဝေးကြီး" တွင် မြန်မာ့လွတ်လပ်ရေးအတွက် အလွန်အရေးပါသည့် မိန့်ခွန်းပြောကြားခဲ့ရာ ယင်းမိန့်ခွန်းမှာ ဗိုလ်ချုပ်မကျဆုံးမီ ခြောက်ရက်အလို၌ ပြောကြားခဲ့သော မိန့်ခွန်းပင်ဖြစ်သည်။ ဗိုလ်ချုပ်က "လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံး ကောင်းစားဖို့ဖြစ်စေ၊ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကိုမထိစေဘဲနဲ့၊ အခြားလူတွေရဲ့အကျိုးကို မထိခိုက်စေဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပါပဲ။ အခြားနိုင်ငံရဲ့လွတ်လပ်ရေးကို သွားနှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးကို မဟုတ်ဘူး။ ဒါဟာရမ်းကားမှုသာဖြစ်တယ်။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။... ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့အလုပ်လုပ်မှုဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးရပင် ရငြားသော်လည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး နက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်..." ဟူ၍ မိန့်ကြားခဲ့သည်။

လွတ်လပ်ရေးရရန် သက်စွန့်ကြိုးပမ်း၊ မနားမနေ ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေး၏ အနှစ်သာရကို မခံစားရမီ မသမာသူတို့၏ လက်ချက်ကြောင့် ကျဆုံးခဲ့ရသည်။ သို့ဖြစ်ရာ အဆိုတော်ကြီး ဒေါ်မေလှမြိုင်၏ အာဇာနည်နေ့ ဂုဏ်ပြုတေးသံဖြစ်သော " နှစ်လနာရီ ခါရာသီရွှေ့ပေမယ့် အာဇာနည်နေ့ကိုဖြင့် ××× မမေ့သင့်ပါသလေ" တေးသံအတိုင်း လွတ်လပ်ရေး၏ တန်ဖိုးကိုသိရှိပြီး ကျဆုံးလေပြီသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ထာဝစဉ်လေးစားဂုဏ်ပြုကြပါစို့ဟူ၍ နှစ် (၇၀) ပြည့် အာဇာနည်နေ့ကို အလေးပြုအပ်ပါသည်။ ။

## နှစ်(၇၀)ပြည့်အာဇာနည်နေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ စာစီစာကုံးနှင့်ဟောပြောပွဲများကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၆**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်ဉာဏ်စမ်းပဟေဠိ စာစီစာကုံးနှင့် ဟောပြောပြိုင်ပွဲများကျင်းပပေးလျက်ရှိရာ ဇူလိုင် ၁၄ ရက်မွန်းလွဲ ၁ နာရီ က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အမှတ် (၁) အခြေခံပညာအထက် တန်းကျောင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲများတွင် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းရှိ နဝမတန်းကျောင်းကောင်စီအသင်း ငါးသင်းမှ ပြိုင်ပွဲဝင်ငါးဦးက ဟောပြောပွဲပြိုင်ပွဲ တွင်လည်းကောင်း၊ ပဥ္စမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူများက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် လည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများက စာစီစာကုံးပြိုင်ပွဲတွင် "အာဇာနည်နေ့ မမေ့သင့်" ခေါင်းစဉ်ဖြင့် လည်းကောင်း ပါဝင် ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးကြူက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# အပန်းဖြေရာ ကန်သာယာပြည်သူ့ပန်းခြံမှ ဗိုလ်ချုပ်မြင်းစီးရုပ်တုနှင့် ရင်ပြင်နီ ပြန်လည်ရှင်သန်လာ

ရန်ကုန် ဇူလိုင် ၁၆

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဗိုလ်ချုပ်ချစ်သူများအဖွဲ့က ပြန်လည်ပြုပြင်မွမ်းမံ အသက်သွင်းခဲ့သော ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ပြည်သူများအပန်းဖြေရာ ကန်သာယာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုနှင့် ရင်ပြင်နီ ပြန်လည်ရှင်သန်ခွင့်ရရှိရေး လှုပ်ရှားမှုတစ်ရပ်အခမ်းအနားဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ကန်သာယာပြည်သူ့ရင်ပြင် အတွင်း၌ ကျင်းပသည်။**

“ ပြည်သူတွေ အပန်းဖြေရာ ကန်သာယာ ပြည်သူ့ပန်းခြံကြီးကို ပြည်သူ့လက်ဝယ် ပြန်လည်ရရှိရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြင်ဆင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုနဲ့ ရင်ပြင်နီကို ကျွန်တော်တို့ ပြည်သူတွေ ထည့်ဝင်ငွေအားနဲ့ အခုလို ပြုပြင်မွမ်းမံပြီးတဲ့အတွက် ဒီကနေ့ ဖွင့်ပွဲအခမ်းအနား ပြုလုပ်ပေးတာ ဖြစ်ပါတယ်။ ကန်သာယာပြည်သူ့ပန်းခြံပြည်သူ့လက်ထဲ ပြန်လည်ရရှိရေး နိုင်ငံတော်ကိုလည်း တင်ပြမယ်။ ပြည်သူကိုလည်း အသိပေးမယ်။ အလုံးစုံပြည်သူ့လက်ဝယ်ပြန်လည်ရရှိရေး ကျွန်တော်တို့ ဗိုလ်ချုပ်ချစ်သူများအဖွဲ့အနေနဲ့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေပါတယ်။ ကြိုးစားထားသလောက်လည်း အထိုက်အလျောက်တော့ အောင်မြင်တယ်လို့ ပြောရမှာပါ” ဟု ကိုစိုးလွင် (ဗိုလ်ချုပ်ချစ်သူများအဖွဲ့ - မြောက်ဥက္ကလာပမြို့နယ်)က ပြောသည်။

ယနေ့ဖွင့်ပွဲအခမ်းအနား ကျင်းပသော မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံသည် ပြည်သူများအပန်းဖြေရန် ရည်ရွယ်တည်ဆောက်ခဲ့သော ပန်းခြံတစ်ခုဖြစ်ပြီး အဆိုပါပန်းခြံကို မြောက်ဥက္ကလာပမြို့စတည်ခဲ့သည့် ၁၉၅၈ ခုနှစ်ကတည်းက တည်ရှိခဲ့သော ပန်းခြံဖြစ်သည်။ အကျယ်အဝန်းအားဖြင့် ဧက ၉ ဒသမ ၈ ဧက ကျယ်ဝန်းပြီး အဆိုပါ ကန်သာယာပန်းခြံအတွင်း၌ အမြင့် ၁၅ ပေရှိ ပြည်သူ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုကို တည်ထားခဲ့သည်။ ယင်း ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုကို ပန်းပုဆရာကြီးဦးလွင်မောင်နှင့် သားဦးကျော်ကျော်မင်းတို့က ထုလုပ်ခဲ့ပြီး ယခု ထပ်မံပြုပြင် မွမ်းမံမှုတွင်လည်း ဆရာကြီးတို့သားအဖနှစ်ဦးကပင် ထပ်မံပြုပြင် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ရုပ်တုအတွက်စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၁၁ သိန်းဖြစ်ပြီး စေတနာရှင်ပြည်သူများက ငွေကျပ် တစ်ထောင်ထက်မများသော ထည့်ဝင်ငွေများဖြင့် စုပေါင်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ရင်ပြင်နီ ပြုပြင်မွမ်းမံမှုအတွက် ကုန်ကျငွေကျပ်သိန်း ၇၀ သည်လည်း နီးစပ်ရာပြည်သူများက ထည့်ဝင်လှူဒါန်းခဲ့မှုကြောင့် ယခုကဲ့သို့ ထပ်မံပြုပြင်ခဲ့ရခြင်းဖြစ်ပြီး ပန်းခြံနှင့် ဧရိယာအတိုင်း ပြည်သူများလက်ဝယ် ပြန်လည်ရရှိရေး မြောက်ဥက္ကလာပမြို့နယ် ဗိုလ်ချုပ်ချစ်သူများအဖွဲ့က သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၏ အကူအညီဖြင့် ဆောက်ရွက်လျက်ရှိသည်။



ကန်သာယာပန်းခြံအတွင်းမှ အသက်ပြန်ဝင်လာသော ဗိုလ်ချုပ်မြင်းစီးရုပ်တုကိုတွေ့ရစဉ်

အဆိုပါ ကန်သာယာပန်းခြံ ရင်ပြင်နီနှင့် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုကို ဗိုလ်ချုပ်ချစ်သူများအဖွဲ့က ပြီးခဲ့သော ဖေဖော်ဝါရီ ၁၅ ရက်က စတင်မွမ်းမံမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ ငါးလကျော်တွင် ပြီးဆုံးခဲ့သဖြင့် ယနေ့ဖွင့်ပွဲအခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပရခြင်းကော်မတီမှ သိရသည်။

ယနေ့ မြောက်ဥက္ကလာပမြို့နယ် ဗိုလ်ချုပ်ချစ်သူများအဖွဲ့က ဦးဆောင်ကျင်းပသော ကန်သာယာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုနှင့် ရင်ပြင်နီ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ မျိုးမင်းသိန်း၊ ဓာတ်ပုံ- မင်းထက်**

# ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့ကို ရန်ကုန်ကလေးဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့

**ရန်ကုန် ဇူလိုင် ၁၆**

ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန် ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမ၌ နှစ်နာရီကျော်ကြာ ခွဲစိတ်မှုများပြုလုပ်ခဲ့ပြီး အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ကြောင်း ရန်ကုန်ကလေးဆေးရုံကြီးမှ သိရသည်။

စိုင်းခမ်းနှင့် စိုင်းငင်းတို့မှာ ကျိုင်းတုံမြို့နယ် ဝမ်ဟုတ်ကျေးရွာတွင် နေထိုင်သည့် (အဘ) ဦးစိုင်းအောင်၊ (အမိ) ဒေါ်နမ်းခမ်းနမ်းတို့၏ သားများဖြစ်ပြီး ၎င်းတို့ကို ၂၀၁၅ ခုနှစ် မတ် ၇ ရက် နံနက်ပိုင်းက ကျိုင်းတုံ အထွေထွေရောဂါကုဆေးရုံကြီးတွင် မွေးဖွားခဲ့သည်။

၎င်းတို့မှာ ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ကုသ ဆောင် (၁) သို့ ၂၀၁၅ ခုနှစ် မေ ၄ ရက်က လွှဲပြောင်းရောက် ရှိခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ စုစုဌေး၊ ပါမောက္ခ ဒေါက်တာ အေးအေး (ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါက်တာ ရဲမြင့်ကျော် (ကလေးအထူးကုဆရာဝန်ကြီး)နှင့် ပါမောက္ခဒေါက်တာလှမြတ်နွယ် (မွေးကင်းစ အထူးကုဆရာဝန်ကြီး)တို့က အနီးကပ် ကြီးကြပ်စောင့်ရှောက်ခဲ့ကြသည်။

ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့သည် မွေးကင်းစ အရွယ်မှ ယခုအချိန်အထိ ကြီးကြီးမားမားရောဂါမရှိဘဲ ပုံမှန်ကိုယ်ခန္ဓာနှင့် ဦးနှောက်ဖွံ့ဖြိုးမှုရှိကာ မခွဲစိတ်မီ ကိုယ်အလေးချိန်မှာ ၂၀ ကီလိုဂရမ်ရှိပြီး သွေးစစ်ချက်အဖြေများလည်း ကောင်းမွန်ကြောင်းသိရသည်။

ယနေ့ ခွဲစိတ်မှုနှင့်ပတ်သက်၍ (ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး) ပါမောက္ခ ဒေါက်တာ အေးအေးက “ သူတို့နှစ်ယောက်က ချက်နေရာမှာ ဆက်နေတာပါ။ တခြားနေရာတွေကတော့ သီးခြားစီရှိနေပါတယ်။ အသည်းတော့ ထိဆက်နေပါတယ်။ အခုဆိုရင် ခွဲစိတ်မှုအပိုင်းကတော့ အောင်မြင်စွာ ပြီးစီးသွားပါပြီ။ လောလောဆယ်တော့ သူတို့ကို ခွဲခန်းထဲမှာပဲ အနီးကပ်စောင့်ရှောက်ပေးနေပါတယ်။ ကျန်းမာရေးအခြေအနေ တည်ငြိမ်သွားရင် လူနာဆောင်ကို ပြောင်းပေးသွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

၎င်းတို့အား ခွဲစိတ်မှုပြုလုပ်ရာတွင် ပါမောက္ခ ဒေါက်တာ အေးအေး (ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး) ဦးဆောင်သော ခွဲစိတ်မှု အဖွဲ့(၁)နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာ ညိုညိုဝင်း (ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး) ဦးဆောင်သော ခွဲစိတ်မှု အဖွဲ့(၂) တို့နှင့်အတူ ပါမောက္ခ ဒေါက်တာမူမူနိုင် ပါမောက္ခ ဌာနမှူး (မေ့ဆေးပညာနှင့် အထူးကြပ်မတ်ကုသဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်) နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာမြစိုး (ကလေးမေ့ဆေး အထူးကုဆရာဝန်ကြီး၊ ရန်ကုန် ကလေးဆေးရုံကြီး) ဦးဆောင်သော မေ့ဆေးပညာအဖွဲ့၊ သူနာပြုဆရာမကြီး ဒေါ်အေးအေးမြင့်နှင့် ဒေါ်တင်ယင်းမာတို့ ဦးဆောင်သော သူနာပြုဆရာမများ အဖွဲ့တို့က တာဝန်ယူခွဲစိတ်ကုသပေးခဲ့ပြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း (အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန) ဦးဆောင်သော နာယကကြီးများအဖွဲ့၊ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ စုစုဌေး ဦးဆောင်သော စီမံခန့်ခွဲမှုနှင့် ပြန်ကြားရေးအဖွဲ့၊ ပါမောက္ခ ဒေါက်တာရဲမြင့်ကျော် (ပါမောက္ခ/ဌာနမှူး၊ ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်) ဦးဆောင်သော ဆေးဘက်ဆိုင်ရာ ကုသရေးအဖွဲ့၊ ပါမောက္ခ ဒေါက်တာ ဌေးဌေးတင် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဓာတ်ခွဲ) ဦးဆောင်သော ရောဂါရှာဖွေရေးအဖွဲ့၊ တွဲဖက်ပါမောက္ခ ဒေါက်တာ အေးငယ်ငယ် ဦးဆောင်သော ဓာတ်မှန်ဆရာဝန်များ အဖွဲ့တို့က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။

“ အခုလို ခွဲစိတ်ကုသမှုတွေ လုပ်ဆောင်နိုင်ဖို့အတွက် သက်ဆိုင်ရာ ဆရာဝန်ကြီးတွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့အဖွဲ့တွေက ကလေးငယ်တွေရဲ့ ကျန်းမာရေးအခြေအနေတွေကို အကောင်းဆုံးဖြစ်အောင် ပြုစုပေးခဲ့ရပါတယ်။ ရင်ချင်းဆက်အများစုကတော့ အသည်းဆက်နေတာများပါတယ်။ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေကို အဆင့်ဆင့်ပြုလုပ်ခဲ့တဲ့အပြင် ခွဲစိတ်မှုအတွက် ကြိုတင်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တာကြောင့် အခုလို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့တာပါ” ဟု (ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီး) တွဲဖက်ပါမောက္ခ ဒေါက်တာ ညိုညိုဝင်းက ပြောသည်။

ခွဲစိတ်မှုပြုလုပ်ချိန်တွင် ၎င်းတို့ နှစ်ဦး၏အသက်မှာ နှစ်နှစ်နှင့် လေးလရှိပြီး ခွဲစိတ်မှုများပြုလုပ်ရန်အတွက် ခွဲစိတ်မှုခံယူမည့် ကလေးငယ်တို့၏ အသက်အရွယ်၊ ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးအခြေအနေတို့အပေါ် မူတည်၍ သက်ဆိုင်ရာ ဆရာဝန်ကြီးများဖြင့် ပါဝင်ဖွဲ့စည်းထားသော ခွဲစိတ်မှုအဖွဲ့၏ ဆုံးဖြတ်မှုအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်မြင်စွာ ခွဲစိတ်နိုင်မှုအပေါ် ကလေးငယ်နှစ်ဦး၏ ဖခင်ဖြစ်သူ ဦးစိုင်းအောင်က “ဒီလိုမျိုး ရင်ချင်းဆက်နေမယ်ဆိုတာ မွေးလာတော့မှ သိရတာပါ။ မခွဲခင်အချိန်တုန်းက တော်တော်စိတ်ပူခဲ့ရတယ်။ အခုလိုအောင်မြင်စွာခွဲစိတ်ပေးခဲ့တဲ့အတွက် ဆရာဝန်ကြီးနဲ့ ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

ယနေ့ ရင်ချင်းဆက်အမြွှာတို့ကို ခွဲစိတ်ခြင်းသည် ရန်ကုန်ကလေးဆေးရုံကြီး၌ ကိုယ်ချင်းဆက်အမြွှာများ ခွဲစိတ်မှုအနက် အဌမအကြိမ်မြောက် ခွဲစိတ်ခြင်းဖြစ်ပြီး ခွဲစိတ်မှုအတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်က ကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်ကလေးဆေးရုံကြီး၏ ကိုယ်ချင်းဆက်အမြွှာများ ခွဲစိတ်အောင်မြင်မှုအနေဖြင့် ၁၉၇၁ ခုနှစ် ဇူလိုင်တွင် မနန်းစိုးနှင့် မနန်းစံတို့ကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ် ဇူလိုင်လတွင် အေးအေးငြိမ်းနှင့် အိအိငြိမ်း တို့ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် စိုပြေလင်းနှင့် စိုပြေဝင်း တို့ကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်၊ ရန်ကင်းနှင့် ရန်ရှင်းတို့ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် မေလတွင် ဘောဘီချိုချိုဝင်းကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဘောဘီမိုးသူဇာကို လည်းကောင်း အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

အလားတူ မန္တလေး ကလေးဆေးရုံကြီး၏ ကိုယ်ချင်းဆက်အမြွှာများ ခွဲစိတ်မှုအနေဖြင့် ၂၀၀၂ ခုနှစ်တွင် မိုးပပအောင်နှင့် မိုးမမအောင်တို့ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အောင်ခန့်ကျော်နှင့် အောင်မြတ်ကျော်တို့ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဝေယံဟိန်းနှင့် ဝေယံငြိမ်းတို့ကိုလည်းကောင်း အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊**
**ဓာတ်ပုံ-ဖေဇော်**



ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့ကို ခွဲစိတ်ပေးခဲ့သည့် ခွဲစိတ်ဆရာဝန်ကြီးများနှင့် အဖွဲ့ကိုတွေ့ရစဉ်

**ကျော့ဖုံးမှ**

ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ ထို့အတူ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ငါးပေခန့်၊ ကလေးဝမြို့တွင် လေးပေခန့်နှင့် မင်းကင်းမြို့တွင် လေးပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း မော်လိုက်မြို့ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် သုံးပေခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ ထို့အပြင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် နှစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါန်မြစ်**

ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဧရာဝတီတိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘိုကလေး) သို့လည်းကောင်း သွားရောက်ခဲ့ရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းကျောင်းများဆိုင်ရာ အချက်အလက်များအား တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်က ရာနှုန်းပြည့် အထောက်အပံ့များဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုများကို သိရှိနားလည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ထမ်းဆောင်နိုင်မည့် နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်အောင် ပညာကို အားကြိုးမာန်တက် လေ့လာသင်ယူသွားကြရန်၊ မိမိတိုင်းပြည်/ဒေသကို ချစ်မြတ်နိုးတဲ့စိတ်ခံယူချက်၊ ယုံကြည်ချက် မှန်ကန်ကောင်းမွန်စေရေး၊ လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်းရတနာများ ဖြစ်အောင် လေ့ကျင့် ပျိုးထောင်ပေးသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ပုသိမ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အခြေခံသင်တန်းတက်ရောက်ပြီး အဆင့်မြင့်သင်တန်းများကို ဆက်လက်တက်ရောက်၍ ကြိုးကြိုးစားစား လေ့လာသင်ယူပါက ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သလို အထည်ချုပ်စက်ရုံများ၊ ကုမ္ပဏီများတွင်လည်း ကျွမ်းကျင်ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် ကြိုးစားသင်ယူသွားကြရန် မှာကြားခဲ့ပြီး သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများ၊ အဝတ်အထည်များ ချုပ်လုပ်ထားရှိမှုများနှင့် သင်တန်းကျောင်းအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် လပွတ္တာမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုခဲ့ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုလက်သင်တန်းကျောင်းသို့ သွားရောက်၍ လပွတ္တာခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဆိုင်ရာလိုအပ်ချက်များ တင်ပြလာမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း (လပွတ္တာ) ၌ သင်တန်းသားများ ဘာသာရပ်အလိုက် လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** သင်တန်းနည်းပြများနှင့် သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြစ်ကြီးနားမြို့ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**မြစ်ကြီးနား ဇူလိုင် ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ကချင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်နှင့်အတူ မြစ်ကြီးနားမြို့အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မြို့ပေါ်ရှိ အထက်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသူ ဆရာ ဆရာမများ၏ အခက်အခဲများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ပြန်လည်ဖြေရှင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးက ကျောင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မစ္စ ယန်ဟီလီ ဘားအံမြို့သို့ရောက်ရှိပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့်တွေ့ဆုံ

**ဘားအံ ဇူလိုင် ၁၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဘားအံမြို့သို့ရောက်ရှိပြီး ကရင်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စုရိပ်သာ ပဒိုဒေးဗစ်တောခန်းမ၌ တွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် မစ္စ ယန်ဟီလီသည် ကရင်ပြည်နယ်အတွင်း နယ်မြေဒေသလုံခြုံရေးအခြေအနေ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု၊ မြေယာသိမ်းဆည်းမှုနှင့် လျော်ကြေးငွေပြန်လည်ပေးအပ်မှု၊ အဂတိလိုက်စားမှုကင်းရှင်းရေး ဆောင်ရွက်မှု၊ စီမံကိန်းလုပ်ငန်းကြီးများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့၏ ပါဝင်ဆောင်ရွက်မှု၊ မြန်မာ-ထိုင်း နယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်သူ မြန်မာနိုင်ငံသားများအား နိုင်ငံအတွင်း ပြန်လည် နေရာချထားပေးနိုင်ရေး ဆောင်ရွက်ထားမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ဒေသတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေမှုများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးရာ ခေတ္တကရင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်စီမံကိန်း၊ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အစိုးရအဖွဲ့ အတွင်းရေး မှူး ဦးပြုံးချိုတို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် ဘားအံမြို့သီရိ ဘားအံဟိုတယ် အစည်းအဝေးခန်းမ၌ CSO များ၊ ကရင်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



**✻ ကျောဖုံးမှ**

သူအားသန်ရာ ဘယ်၊ ညာ တွဲလုံးများကို ဆွဲသုံးကာ အတင်းဝင်အတင်းထွက် တိုက်စစ်ဖွင့်ကစားခဲ့သဖြင့် အထနှေး သောအိကျူးစံ အထိနာကာ ဒုတိယအချီ ၁ မိနစ် ၁၂ စက္ကန့်တွင် အနားတောင်းခဲ့ရသည်။ အနားတောင်းပြီး ပြန်အတည်တွင် အိကျူးစံ အလှည့်အပြောင်းများပြုလုပ်ကာ အရှောင်အတိမ်းကောင်တာတန်ပြန်ကစားခဲ့၍ ပွဲမှာပိုမြိုင်လာပြီး တစ်ဖက်နှင့်တစ်ဖက် အမှားမခံ သတိဖြင့်ကစားရင်းမှ နောက်ဆုံးအချီတွင် အိကျူးစံသည် ကောင်တာမှ ဖိုက်တာအဖြစ်သို့ ရုတ်တရက်ပြောင်းလဲ တိုက်စစ်ဆင်မှုကြောင့် ကစားသမားနှစ်ဦးစလုံး ကြိုးဝိုင်းစင်ပေါ်မှ အောက်သို့ပြုတ်ကျသည်အထိ ခပ်ကြမ်းကြမ်းပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း ငါးချီပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးခဲ့သည်။

ယနေ့ ရိုးရာလက်ဝှေ့နှင့် မွေ့ထိုင်းအားစမ်းသော ဖျံသွေးနှင့် အိကျူးစံတို့ပွဲတွင် အိကျူးစံအနေဖြင့် ရိုးရာလက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ရာ၌ ဒုတိယမြောက် သရေကျခဲ့ခြင်းဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များတွင် ၅၄ ကီလိုတန်း၌ ခွန်အာကာ (၁၈၈၆ မန္တလေး)နှင့် ဂျစ်တူး(တိုက်ဂါး)တို့ပွဲတွင် ခွန်အာကာ အမှတ်ဖြင့်နိုင်ခဲ့ပြီး ဖြိုးလင်းဇော် (STL)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)တို့ပွဲတွင် ပထမအချီမှာပင် လက်ရည်မမျှ ဒိုင်ပွဲရပ်ဖြင့် စိုးဝင်းသန်းက အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်တွင် ခွန်အာကာနှင့် စိုးဝင်းသန်းတို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ထို့အတူ မဟူရာကျား(နမ္မတူ) နှင့် အောက်ချင်းလေး(တောင်ဇလပ်) တို့ပွဲတွင် ဒုတိယအချီ ၂ မိနစ် ၅၀ စက္ကန့်၌ အောက်ချင်းလေး ပင့်လက်သီးမိခဲ့သော မဟူရာကျား အလဲထိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး အာကာမင်း(ကျားဘုရင်) နှင့် စိုးမိုးအောင် (တောင်ကလေး)တို့ပွဲတွင် စိုးမိုးအောင် ဆေးရှုံး၍ လာရောက်ယှဉ်ပြိုင်မှုမရှိခဲ့သဖြင့် အာကာမင်း ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားကာ အောက်ချင်းလေးနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

၆၀ ကီလိုတန်း ဒုတိယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်တွင် စောဒါဝိတ် (တောင်ကလေး)နှင့် စစ်အောင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ပွဲ၌ ပြိုင်ဆိုင်မှုပြင်ထန်ခဲ့ပြီး စတုတ္ထအချီတွင် ကစားသမားနှစ်ဦးစလုံး ဒဏ်ရာအနာတရဖြစ်ခဲ့၍ ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ခွင့်မပြုတော့ဘဲ အမှတ်ဖြင့်ဆုံးဖြတ်ရာ စစ်အောင် အနိုင်ရခဲ့ပြီး ဇွဲလင်းအောင်(သုံးပန်လှ) နှင့် စစ်မာန်(ရိုးရာပုဂံ)တို့ပွဲတွင် ဒုတိယအချီ ၃၅ စက္ကန့်၌ ဇွဲလင်းအောင် အလဲထိုးဖြင့် အနိုင်ရခဲ့၍ လာမည့်ဆီမီးဖိုင်နယ်တွင် စစ်အောင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် တွေ့မည်ဖြစ်သည်။ ဟံသာဝတီ(အဖြူရောင်သွေးသစ်)နှင့် မင်းထက်မိုက် (တောင်ကလေး)တို့ပွဲတွင် ပထမ ၁ မိနစ် ၁၄ စက္ကန့်မှာပင် ဟံသာဝတီက အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး စိန်လုံးချော(ဗမာ့သွေး) နှင့် သူရအောင် (တိုက်ဂါး)တို့ပွဲတွင် ခပ်ကြမ်းကြမ်း ပွဲဖြတ်ချင်သော သူရအောင် ပထမအချီ ၁ မိနစ် ၅ စက္ကန့်မှာပင် စိန်လုံးချော ထောက်လက်သီးမိခဲ့၍ အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့မှုကြောင့် လာမည့် ဆီမီးဖိုင်နယ်တွင် စိန်လုံးချောနှင့် ဟံသာဝတီတို့ ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ကွာတားဖိုင်နယ် ဒုတိယနေ့ ၆၇ ကီလိုတန်းတွင် ရွှေမင်းရာဇာ (မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် သန့်ဇင်ထွန်း (ကျားဘုရင်)တို့ပွဲ၌ တတိယအချီ ၁ မိနစ် ၃၀ စက္ကန့်တွင် ရွှေမင်းရာဇာက အလဲထိုးဖြင့်အနိုင်ရခဲ့၍ ဘိုင်ရကာ ဆီမီးတွင်စောင့်နေသော ထွန်းနိုင်ဦး (STL)နှင့် တွေ့ဆုံမည်ဖြစ်သည်။ ဖိုးလပြည့်(ရွှေဖူး)နှင့် ပိုစိုးအောင်( ဗမာ့သွေး)တို့ပွဲ၌ ပထမအချီ ၅၂ စက္ကန့်မှာပင် ဖိုးလပြည့်က အလဲထိုးဖြင့် အနိုင်ရခဲ့ကာ စောမင်းအောင် (တောင်ကလေး)နှင့် ကြယ်စင်ဖြိုး (ရိုးရာပုဂံ) တို့ပွဲတွင် အလဲထိုး အရှုံးအနိုင်မပေါ်ခဲ့သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ကြယ်စင်ဖြိုးအနိုင်ရခဲ့၍ ဆီမီးဖိုင်နယ်တွင် ဖိုးလပြည့်(ရွှေဖူး) နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံလုပွဲ ၂၀၁၇ ဆီမီးဖိုင်နယ်ပွဲစဉ်များကို လာမည့်ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ကျောင်းသုံးဖတ်စာအုပ်များနှင့် ကျောင်းဖွံ့ဖြိုးမှုဆိုင်ရာ ဖြည့်ဆည်းနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၆**

ကျောင်းသုံးဖတ်စာအုပ်များနှင့် ကျောင်းဖွံ့ဖြိုးမှုဆိုင်ရာ ဖြည့်ဆည်းနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာကဏ္ဍမှာ ကျောင်းနေအရွယ် ကလေးတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းအပ်နှံနှုန်းမြင့်မားပြီး ကျောင်းထွက်သူပပျောက်အောင် အလေးထားဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် ယခုနှစ်တွင် ကျောင်းဝင်နှုန်း ပိုမိုမြင့်မားလာပြီး ကျောင်းများအလိုက် ကျောင်းသားအရေအတွက် ခန့်မှန်းရာတွင် အရေအတွက်ပိုခြင်း၊ လိုခြင်း ကွာဟမှုများရှိနိုင်ပြီး အခြားကျောင်းများတွင် လိုအပ်သည်ထက် ကျောင်းသုံးဖတ်စာအုပ်များပိုလျှံနိုင်ပြီး အချို့ကျောင်းများတွင် လိုအပ်မှုများလည်း ရှိနိုင်ပါကြောင်း။

ကျောင်းသုံးဖတ်စာအုပ် လိုအပ်မှု၊ ပိုလျှံမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်ကြပြီး လိုအပ်သည်ဟု တင်ပြလာသော ကျောင်းများထံ ငါးရက်အတွင်းရောက်ရှိရန် ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးတို့က တာဝန်ယူ၍ စနစ်တကျ ပို့ဆောင်ပေးကြရမည် ဖြစ်ကြောင်း။

အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ စဉ်ဆက်မပြတ် အကဲဖြတ်မှု (Continuous Assessment) ဆောင်ရွက်ရာတွင် ကျောင်းမှန်မှန်တက်မှု၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်နှင့် ပြုမူ ဆောင်ရွက်မှု၊ အားကစား၊ စာကြည့်တိုက်၊ ပန်းချီ၊ ဂီတ၊ အနုပညာ၊ စာစီစာကုံး၊ စာဖတ်ပြိုင်ပွဲ၊ သချ်ာ၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများ ဟောပြောပွဲများနှင့် ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဆောင်ရွက်ထားမှုများကိုလည်း ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အခန်းဆုံးစစ်ဆေးမှု Chapter End Test (CET)ကို ဇူလိုင်လနှင့် ဒီဇင်ဘာလမှာ တစ်ကြိမ်စီကျင်းပပြီး တစ်နှစ်လျှင် CET စုစုပေါင်းနှစ်ကြိမ်နှင့် အောက်တိုဘာလမှာ နှစ်ပတ်လည်စာမေးပွဲတစ်ကြိမ်၊ နှစ်ဆုံးစာမေးပွဲတစ်ကြိမ် စုစုပေါင်း စာမေးပွဲနှစ်ကြိမ်စစ်ဆေးရန်၊ CET နှင့် စာမေးပွဲရမှတ်တွေကို Grading A,B,C,D သတ်မှတ်ရန် အောင်စာရင်းပြုစုရာတွင် စဉ်ဆက်မပြတ်အကဲဖြတ်မှု၊ CET၊ စာမေးပွဲများမှ ရရှိလာတဲ့ ပျမ်းမျှ Grading ဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

Extra Curriculum ကိစ္စရပ်များကို သတ်မှတ်ချိန်နှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဆရာ ဆရာမများကို Project Training သင်တန်းပေးခြင်း၊ ကျောင်းသား ကျောင်းသူများကို အုပ်စုလိုက် Project ပြုလုပ်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပညာရေးရည်မှန်းချက်များ အောင်မြင်ရေးနှင့် ကျောင်းများအားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင် ကျင်းပသည်။ ယနေ့အခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ)များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောင်းအပ်နှံမှုနှုန်းမြင့်မားလာသည့်အတွက် ကျောင်းသုံးဖတ်စာအုပ်ထပ်မံလိုအပ်ချက်များအား (၁၅-၇-၂၀၁၇) ရက်နေ့အထိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ထားရှိမှုအခြေအနေပြဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ထပ်မံဖြည့်ဆည်းထားသည့် ကျောင်းသုံးဖတ်စာအုပ် အရေအတွက် | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မူလတန်း | အလယ်တန်း | အထက်တန်း | | |
| ၁ | ကယား | ၁၁၈၁၇ | ၂၀၈၂ | ၇၄၉ | ၁၄၆၄၈ | (၇) မြို့နယ် |
| ၂ | ကရင် | ၇၁၁၅၁ | ၂၆၆၁၄ | ၁၁၃၈၀ | ၁၀၉၁၄၅ | (၇) မြို့နယ် |
| ၃ | ချင်း | ၅၅၃၆၅ | ၂၂၇၅၁ | ၁၀၂၄၇ | ၈၈၁၆၃ | (၉) မြို့နယ် |
| ၄ | စစ်ကိုင်း | ၆၉၁၆၀ | - | ၁၁၅၉၃ | ၈၀၇၅၃ | (၃၇)မြို့နယ် |
| ၅ | တနင်္သာရီ | ၁၄၃၇၁ | ၁၂၁၂၇ | ၅၃၀၀ | ၃၁၇၉၈ | (၁၀) မြို့နယ် |
| ၆ | ပဲခူး | ၇၀၄၃၄ | ၈၆၀၁၂ | ၁၈၄၂၈ | ၁၇၄၈၇၄ | (၂၈)မြို့နယ် |
| ၇ | မကွေး | ၄၆၂၄၈ | ၃၆၂၆၉ | ၁၅၅၅ | ၈၄၀၇၂ | (၂၅)မြို့နယ် |
| ၈ | မန္တလေး | ၈၄၃၀၀ | ၃၃၀၁၂ | ၆၅၄ | ၁၁၇၉၆၆ | (၂၈)မြို့နယ် |
| ၉ | မွန် | ၃၉၈၆၂ | ၁၀၂၄၁ | ၁၅၃၄၂ | ၆၅၄၄၅ | (၁၀)မြို့နယ် |
| ၁၀ | ရခိုင် | ၅၅၅၃၇ | ၇၆၄၇၃ | ၃၀၅၁၂ | ၁၆၂၅၂၂ | (၁၇)မြို့နယ် |
| ၁၁ | ရန်ကုန် | ၁၀၃၅၉၀ | - | ၂၇၂၅၅ | ၁၃၀၈၄၅ | (၄၅)မြို့နယ် |
| ၁၂ | ရှမ်း | ၁၅၈၀၄၈ | ၄၀၃၆၄ | ၁၄၁၈၁ | ၂၁၂၅၉၃ | (၅၅)မြို့နယ် |
| ၁၃ | ဧရာဝတီ | ၁၄၂၃၇၃ | ၁၈၄၄၉ | ၂၁၈၂၆ | ၁၈၂၆၄၈ | (၂၆)မြို့နယ် |
| ၁၄ | နေပြည်တော် | ၂၂၆၈၆ | ၅၈၄ | ၂၇၇ | ၂၃၅၄၇ | (၈) မြို့နယ် |
| | စုစုပေါင်း | ၉၄၄၉၄၂ | ၃၆၄၉၇၈ | ၁၆၉၂၉၉ | ၁၄၇၉၂၁၉ | (၃၄၇) မြို့နယ် |

မှတ်ချက်။ ကချင်ပြည်နယ်မှ ကျောင်းသုံးဖတ်စာအုပ်လိုအပ်ချက်စာရင်းများပြုစုဆဲဖြစ်ပြီး အမြန်ဆုံးဆက်လက်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

## ထိုင်းရောက် မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ (၁၂)သုတ်မြောက်အဖြစ် ဆက်လက်ဝင်ရောက်

**ကော့သောင်း ဇူလိုင် ၁၆**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမား အမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၃၈ ဦးနှင့် ကလေးငယ် ၅ ဦး အပါအဝင် ၁၁၇ ဦး ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် စက်လှေကြီးတစ်စင်းဖြင့် (၁၂) သုတ်မြောက်အဖြစ် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေထွန်း၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့ခံ့ပရဟိတအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့ခံကမ်းနီး အဖြူရောင်ပရဟိတအဖွဲ့တို့မှ အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင်စားသောက်ရန် ကုန်ကျစရိတ်များအား ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမားဝင်ရောက်မှုဦးရေ စုစုပေါင်း ၁၆၁၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အရက်၊ မူးယစ်ဆေး ပညာပေးရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှု ပိတ်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

မူးယစ်ဗဟိုအဖွဲ့နှင့် UNICEF တို့ပူးပေါင်း၍ အရက်၊ မူးယစ်ဆေးပညာပေးရက် သတ္တပတ်လှုပ်ရှားဆောင်ရွက်မှု ပိတ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၃၀×၆၆ လမ်းထောင့်ရှိ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။




အဆိုပါ အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင်က ဂုဏ်ပြုအမှာစကားပြောကြား၍ UNICEF မှ ဒေါက်တာယုယုအောင်က ရက်သတ္တပတ်ဆောင်ရွက်ခဲ့မှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြကာ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၃၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမော်မော်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက ပါဝင်ဆောင်ရွက်ခဲ့သော လူငယ်အဖွဲ့များဖြစ်သည့် AHARDအဖွဲ့၊ Teen and Dreamအဖွဲ့၊ မျိုးဆက်သစ်လူငယ်များအဖွဲ့၊ မန္တလေးတက္ကသိုလ်လူငယ်များအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ရာ သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များက လက်ခံယူပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါလှုပ်ရှားမှုကို ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ရပ်ကွက်များ၌ အရက်နှင့် မူးယစ်ဆေးဝါးပညာပေးမှုများကို မူးယစ်ဗဟိုနှင့် UNICEF တို့ပူးပေါင်း၍ လူငယ်အဖွဲ့များနှင့်အတူ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သံလွင်နှင့် ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဝေန်မြစ်ရေသည် သာပေါင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဘားအံမြို့နယ်နှင့် သာပေါင်းမြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ဆီနီဂေါ၌ ဘောလုံးပွဲယှဉ်ပြိုင်နေစဉ်အတွင်း အားကစားရုံနံရံပြိုကျမှုဖြစ်ပွားကာ ရှစ်ဦးသေဆုံး



**ဒါကာ ဇူလိုင် ၁၆**
ဆီနီဂေါ၏မြို့တော်ဒါကာ၌ ဒေသတွင်းဘောလုံးလိဂ်ဖလားပြိုင်ပွဲ နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်နေစဉ်အတွင်း နံရံတစ်ခုလူအုပ်အတွင်းသို့ပြိုကျမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးသွားခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

နှစ်ဂိုး-တစ်ဂိုးဖြင့်အချိန်ပိုယှဉ်ပြိုင်မှုအတွင်း ပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် US Quakam နှင့် Stade de Mbour အသင်းကို အားပေးသည့်ပရိသတ်များအကြား ခိုက်ရန်ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

ခိုက်ရန်ဖြစ်ပွားနေစဉ်အတွင်း ရုန်းရင်းဆန်ခတ်ဖြစ်ပွားနေသည့် အခြေအနေကို ရဲများကထိန်းချုပ်ရန် လူအုပ်ထဲသို့မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့ကြသည်။

ဘောလုံးကွင်းအတွင်း ဝရုန်းသုန်းကားဖြစ်ပွားနေချိန်တွင် ပွဲကြည့်ပရိသတ်များသည် အားကစားရုံထဲမှ ထွက်ပြေးရန်ကြိုးစားခဲ့ကြရာ ကစားကွင်း၏ပွဲကြည့်စင်တန်းကိုထောက်ကန်ထားသည့် နံရံပြိုကျခဲ့မှုကြောင့်လူရှစ်ဦးသေဆုံးသွားခဲ့ပြီး လူ ၄၉ ဦးထက်မနည်း အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သားများနှင့် ဆေးဝါးကုသမှုအဖွဲ့အခင်းဖြစ်ပွားရာနေရာသို့ အမြန်ဆုံးရောက်ရှိလာခဲ့ကြပြီး ပြိုကျထားသည့်နံရံအပျက်အစီးများ၏အောက်တွင် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

အာဖရိကတွင် ယခုကဲ့သို့ဘောလုံးပွဲစဉ်ယှဉ်ပြိုင်မှုများအတွင်း မတော်တဆ ဖြစ်ပွားသည့် လူသေဆုံးမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ လွန်ခဲ့သောနှစ်လကျော်က အန်ဂိုလာ၌ဖြစ်ပွားခဲ့သည့် ပြိုင်ပွဲတစ်ခု၌ လူအုပ်ပိမှုကြောင့် လူ ၁၇ ဦးထက်မနည်း သေဆုံးခဲ့ကာ ရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကြကြောင်း သိရသည်။
**(ဆင်ဟွာ)**

## ရာသီဥတုဆိုင်ရာသဘောတူစာချုပ်နှင့်ပတ်သက်၍ ထရန့်၏ဆုံးဖြတ်ချက်ပြောင်းလဲသွားနိုင်မည့် အခြေအနေရှိကြောင်း ပြင်သစ်သမ္မတပြောကြား



**ပါရီ ဇူလိုင် ၁၆**
ပြင်သစ်သမ္မတအီမန်နျူရယ်လ်မက်ခရွန်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ပါရီရာသီဥတုသဘောတူညီစာချုပ်မှ အမေရိကန်ကိုဖယ်ထုတ်မည့်ဆုံးဖြတ်ချက်ကို ပြန်လည်ပြောင်းလဲသွားနိုင်လိမ့်မည် မျှော်လင့်လျက်ရှိကြောင်း အပတ်စဉ်ထုတ်သတင်း ဂျာနယ်တစ်စောင်ဖြစ်သည့် Le Journal du Dimanche က တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။

ထရန့်အနေဖြင့် စာချုပ်နှင့်ပတ်သက်၍ လာမည့်လများအတွင်း အဖြေရှာဖွေရန်ကြိုးစားသွားမည်ဖြစ်သည်ဟုပြောကြားခဲ့ကြောင်း ယခုရက်သတ္တပတ်အတွင်းပါရီ၌ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံခဲ့မှုကို ရည်ညွှန်းလျက် မက်ခရွန်က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲအတွင်း ခေါင်းဆောင်နှစ်ဦးတို့သည် ပါရီသဘောတူစာချုပ်ဆီသို့ ထရန့်ပြန်လည်ရောက်ရှိလာစေနိုင်မည့် အကြောင်းအရာများကိုအသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း မက်ခရွန်က ဖြည့်စွက်ပြောကြားသည်။ ပါရီရာသီဥတုပြောင်းလဲမှုဆိုင်ရာသဘောတူစာချုပ်သည် တရုတ်နှင့်အိန္ဒိယနိုင်ငံကဲ့သို့ ညစ်ညမ်းစေသော ပစ္စည်းစွန့်ထုတ်မှုများပြားသည့်နိုင်ငံများကို ဦးဆောင်ရာတွင် ပျော့ပျောင်းပြီး အမေရိကန်ရှိစက်ရုံလုပ်ငန်းများကို အခက်အခဲတွေ့စေကြောင်း ထရန့်ကပြောကြားခဲ့သည်ဟု ဆိုသည်။

ပြီးခဲ့သည့်သောကြာနေ့တွင် ထရန့်သည် ၂၀၁၅ ခုနှစ်က ပါဝင်ခဲ့သည့် ပါရီရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်နှင့် ပတ်သက်သည့်၎င်း၏ သဘောထားရပ်တည်ချက်ကို ပြောင်းလဲသွားစေရန်လမ်းဖွင့်ပေးမည့် အသွင်ဆောင်လာခဲ့သည်။

၂၀၁၅ ခုနှစ်က နိုင်ငံပေါင်း ၂၀၀ နီးပါးအထိ ရောက်ရှိခဲ့သည့် ယင်းသဘောတူစာချုပ်သည် ကမ္ဘာကြီးပူနွေးလာမှုကိုလာမည့် ၂၁၀၀ ပြည့်နှစ်တွင် နှစ်ဒီဂရီ အထိကန့်သတ်သွားရန်နှင့် ကာဗွန်ဒိုင် အောက်ဆိုက်နှင့် အခြားသောရုပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်းမှ ထွက်ပေါ်လာမည့်အခြားသော ထုတ်လွှတ်မှုများကိုလျှော့ချရန်အဓိကရည်ရွယ်လျက် သဘောတူညီခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုအတွက် ပိုမိုကောင်းမွန်စေမည့် ဆောင်ရွက်မှုများကို အမြဲလမ်းဖွင့်ပေးသွားမည်ဖြစ်သည်ဟု ထရန့်ကထပ်ကာတလဲလဲပြောကြားခဲ့ကြောင်း သိရသည်။
**(ရိုက်တာ)**

## ကာတာနိုင်ငံ၏သံတမန်အခက်အခဲပြေလည်စေရေး အကူအညီပေးရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဆော်ဒီအာရေဗျသို့သွားရောက်

**ရီယာ့ဒ် ဇူလိုင် ၁၆**
ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျင်ရက်ဗ်စ်လီဒရီရန်သည် ကာတာနိုင်ငံ၏ သံတမန်ဆက်ဆံရေးဆိုင်ရာ ပဋိပက္ခနှင့်ပတ်သက်၍ အကူအညီပေးအပ်ရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံ အနောက်ပိုင်းရှိ ကမ်းခြေမြို့တော်သို့ စနေနေ့ကရောက်ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံသည် အထူးသဖြင့် ပြိုကွဲ လျက်ရှိသည့် နှစ်နိုင်ငံမိသားစုဝင်များနှင့် ကျောင်းသားများကို ထိခိုက်စေသည့် ကာတာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို အတတ်နိုင်ဆုံးဖယ်ရှားပေးရေးအတွက် တိုက်တွန်းတောင်းဆိုထားကြောင်း လီဒရီရန်က ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်လ်အယ်ဂျူဘီယာနှင့်အတူ ပြုလုပ်ခဲ့သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကာတာနိုင်ငံအပေါ် ပြင်းထန်စွာ သံတမန်အဆက်အသွယ်ဖြတ်တောက်လိုက်သည့် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့ကိုလည်း စကားပြောဆိုဆွေးနွေးခြင်းဖြင့် လတ်တလောဖြစ်ပွားနေသည့်ပဋိပက္ခများကို ဖြေရှင်းသွားကြရန် လီဒရီရန်က တိုက်တွန်းပြောကြားခဲ့သည်။

ရီယာ့ဒ်သို့ အလည်အပတ်သွား ရောက်ခဲ့ပြီးနောက်တွင် နိုင်ငံခြားရေးဝန်ကြီးလီဒရီရန်သည် ကူဝိတ်နှင့် ယူအေအီးသို့ ကြားဝင်စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန် ဆက်လက်သွားရောက်ဦးမည်ဖြစ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

## အီလီနွိုက်ပြည်နယ်၌ မြစ်ရေဆက်လက်မြင့်တက်နေမှုကြောင့် နေအိမ်ထောင်ပေါင်းများစွာရေနစ်မြုပ်

**ဝါရှင်တန် ဇူလိုင် ၁၆**
ချီကာဂိုမြောက်ပိုင်း၌ ပြီးခဲ့သည့်ရက်သတ္တပတ်အစောပိုင်းက စတင်ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နေအိမ်ထောင်ပေါင်းများစွာ နစ်မြုပ်ပျက်စီးခဲ့ပြီးနောက်တွင် မြစ်ရေဆက်လက်မြင့်တက်နေမှုကြောင့် ရေကြီးရေလျှံမှုများမှာ အခြေအနေပိုမိုဆိုးရွားလာလျက်ရှိကြောင်းအာဏာပိုင်များက ပြောကြားခဲ့သည်။



လိဂ်၊ မက်ဟင်နရီနှင့် ကာနီစီရင်စုများ၌ ရေဘေးအန္တရာယ်ကျရောက်နိုင်မည့်အကြောင်း အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဘရုစ်ရန်နာက ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ပြီး နေအိမ်နှင့်ပစ္စည်းပစ္စယများ ပျက်စီးဆုံးရှုံးသွားသည့်ပြည်သူများအတွက် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ကူညီစောင့်ရှောက်မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း အလေးအနက်ကတိပေးအပ်ခဲ့သည်။

အဆိုပါ ဒေသများ၌ ပြီးခဲ့သည့် အင်္ဂါနေ့နှင့်ဗုဒ္ဓဟူးနေ့တို့က မိုးရေချိန်ခုနစ်လက်မ( ၁၈စင်တီမီတာ)ခန့် ရွာသွန်းခဲ့မှုကြောင့် အိမ်ခြေထောင်ပေါင်းများစွာ ရေနစ်မြုပ်ခဲ့ပြီး အခြေအနေပိုမိုဆိုးရွားလျက်ရှိကြောင်း အီလီနွိုက်အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ပက်တီသွန်မဆင်က ပြောကြားခဲ့သည်။

အချို့မြစ်ရေများသည် စိုးရိမ်ရေမှတ်ကို ကျော်လွန်လျက်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။ **(ရိုက်တာ)**

# ပြည်ပမီဒီယာအဖွဲ့များ စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် လှည့်လည်သတင်းရယူ

**ရန်ကုန် ဇူလိုင် ၁၆**

ပြည်ပမီဒီယာများ ပါဝင်သောသတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် သက္ကယ်ပြင် ကယ်ဆယ်ရေးစခန်းနှင့် ဒါးပိုင်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး လှည့်လည်သတင်းရယူခဲ့ကြသည်။ **(ယာပုံ)**

ညနေပိုင်းတွင် ပြည်ပမီဒီယာအဖွဲ့သည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။
**(သတင်းစဉ်)**



# မောင်တောမြို့နယ်တွင် ကဏန်းရှာဖွေသူများ မိသားစုဝင်ငွေတိုး

**မောင်တော ဇူလိုင် ၁၆**

မောင်တောမြို့နယ်အတွင်း မိုးရာသီ ကာလကဏန်းပေါချိန်ဖြစ်၍ ကဏန်းရှာဖွေသူများနှင့် ကဏန်းရောင်းဝယ် သူများ မိသားစုဝင်ငွေတိုးလျက်ရှိ ကြောင်း သိရသည်။



"ကဏန်းက မိုးရာသီမှာပေါက်ပွားမှုအကောင်းဆုံးပဲ၊ ဒီရာသီမှာ ကဏန်းရှာလို့ဖွေလို့ ကောင်းတဲ့အတွက် ကဏန်းရှာဖွေသူရော ကဏန်းရောင်းဝယ်သူတွေပါ အဆင်ပြေကြပါတယ်" ဟု မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာမှ ကိုစိုးအောင်က ပြောသည်။

ပင်လယ်ကဏန်းများကို ပုစွန်ကန်များ၌မြှုံးချ၍ ရှာဖွေကြခြင်းဖြစ်ပြီး ကဏန်းရှာဖွေသူတစ်ဦးအနေဖြင့် ယခုကဲ့သို့ မိုးရာသီကဏန်းပေါချိန် တစ်နေ့လျှင် ကျပ်တစ်သောင်းအထက် ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

"မောင်တောဒေသက ထွက်တဲ့ပင်လယ်ကဏန်းတွေကို အငူမော်ကနေတစ်ဆင့် စစ်တွေမြို့ကို တင်ပို့ပါတယ်။ အငူမော်ကနေ တစ်နေ့ဟိုင်းလတ်ကားနဲ့သုံးစီးလောက် ပို့ပေးနေပါတယ်။ အဲဒီကမှတစ်ဆင့် တရုတ်ပြည်ဘက်ကို တင်ပို့နေတာဖြစ်ပါတယ်။ အရှင်တွေကို ပို့တာဖြစ်ပါတယ်။ သေတဲ့ကဏန်းတွေကိုတော့ ဈေးသက်သက်သာသာနဲ့ ပြည်တွင်းစားသုံးသူတွေကို ရောင်းပေးပါတယ်"ဟု ဘူးသီးတောင် (၄) ရပ်ကွက်မှ ကဏန်းရောင်းဝယ်သူ ဦးတင်မောင်က ပြောသည်။

ကဏန်းရောင်းဝယ်သူများက ကဏန်းရှာဖွေသူများထံမှ ကဏန်းဆာလာအိတ်တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀ မှ ၂၅၀၀၀ အထိ ဈေးကောင်းပေးဝယ်လျက်ရှိပြီး နေ့စဉ် မောင်တောမြို့အထွက် မြို့သူကြီး ကဏန်းဈေးကွက်တွင် ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး ၊ အောင်ကျော်ဦး၊ ဓာတ်ပုံ-သက္က**

# ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖလမ်းမြို့ သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**ဖလမ်း ဇူလိုင် ၁၆**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝင်းရွှေ၊ ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ က ဖလမ်းမြို့ တလန်လို ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးနှင့် တစ်မိုင် ဘုန်းကြီးကျောင်း လမ်းအပေါ်ဘက်ရှိ မြေပြိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြေပြိုမှုဆက်လက်မဖြစ်ပွားရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ဖလမ်းမြို့တောင်ဇလပ်ရိပ်သာညှိုခန်းမတွင် သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးခြင်း အခမ်းအနားကို ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဇနီးတို့က လည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးသော ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့ကလည်းကောင်း အသီးသီးပေးအပ်ကြပြီး သဘာဝဘေးသင့် အိမ်ထောင်စုလေးစုမှ ပြည်သူများက လက်ခံခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ငွေများ၊ လက်ကိုင်ဖုန်းများနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူများအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမြင့်ဦးစီးအဖွဲ့သည် ဇူလိုင် ၁၅ ရက် နံနက် ၂ နာရီက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၈) ကျောက်စမ်းလမ်းအရောက် မသင်္ကာဖွယ်လူနှစ်ဦးအားတွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ ဇော်မင်းဦး(ခ)ဖိုးတိုး (၂၉နှစ်)နှင့် ကန်ရှေ့ရပ်ကွက်နေ ထူးထူးသန့်ဇင်(၂၃ နှစ်)တို့ဖြစ်ပြီး လက်ဆွဲအိတ်အတွင်းမှ ငွေကျပ်သုံးသိန်း၊ ဟန်းဆက်သုံးလုံး၊ ATM ကတ်တစ်ခု၊ မနုနုရီ အမည်ပါ နိုင်ငံသား စိစစ်ရေးကတ်တစ်ခု၊ မနုနုရီ၏ ယာဉ်မောင်းလိုင်စင်တစ်ခု၊ အခြားအသုံးအဆောင် ပစ္စည်းများအား တွေ့ရှိရကာ ယင်းပစ္စည်းများအား ပိုင်ဆိုင်ကြောင်းအထောက်အထားပြသနိုင်ခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုရဲ**

# မြိတ်မြို့ စက်သုံးဆီအရောင်းဆိုင်တွင် မီးလောင်မှုဖြစ်ပွား၍ တစ်ဦးသေဆုံး

**မြိတ် ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကျောက်ဖြူတောင်ကျေးရွာလမ်းဆုံရှိ စက်သုံးဆီအရောင်းဆိုင်တွင် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၃၈ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွား၍ ၁၄ နှစ်အရွယ် ကလေးတစ်ဦးသေဆုံးခဲ့ကြောင်း မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဖြူတောင်လမ်းဆုံရှိ မြိတ်မြို့အဝင် ဆိုင်းဘုတ်အနီး ပိုင်ရှင် ဦးဝင်းကို (၄၁နှစ်)၏ စက်သုံးဆီအရောင်းဆိုင်၌ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ယာဉ်မောင်း ဦးတင်ထွန်း(၅၄ နှစ် ) မင်းသီရိလမ်း အမှတ်(၁)ရပ်ကွက် ပုလောမြို့နယ်နေသူမောင်းနှင်သော ယာဉ်အမှတ် 2J/---- ဂါလန် ၃၂၀၀ဆံ့ ဆီဘောက်ဆာယာဉ်မှာ (၉၂) ဓာတ်ဆီအား စတီးတိုင်ကီသို့ဆီဖြည့်စဉ် တိုင်ကီနှင့်ဆီပိုက်ရှိ အဖွင့်အပိတ်ဘားတွင်တပ်ထားသော သံကလစ်ကွင်းနှင့် ပွတ်တိုက်မိရာမှ မီးလောင် ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများ ဝိုင်းဝန်းမီးငြှိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံး၊ ဆီပန့်ခြောက်လုံး၊ လောင်စာဆီ နှစ်ပီပါ မီးလောင်ဆုံးရှုံးခဲ့ပြီး ပိုင်ရှင်၏တူဖြစ်သူ မောင်လူအေး(ခ)ရဲကိုလင်း(၁၄ နှစ်) ရွှေဒူးကျေးရွာ မြိတ်မြို့နေသူမှာ မီးလောင်သေဆုံးခဲ့သဖြင့် ဆီဆိုင်ပိုင်ရှင် ဦးဝင်းကိုနှင့် ယာဉ်မောင်း ဦးတင်ထွန်းတို့အား မြိတ်မြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ငါးခူရရဲစခန်းအား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သည့် တရားခံပြေး ခြောက်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူခြောက်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် နယ်မြေ (၅)အောက်ပြူးမကျေးရွာ၌ တရားခံပြေးများရောက်ရှိနေကြောင်း သတင်းအရ ယမန်နေ့နံနက်ပိုင်းက ကျေးရွာအတွင်း အိမ်ထောင်စုစာရင်းများကို စစ်ဆေးခဲ့ရာ အိမ်ထောင်စုအမှတ် ၄၇ ၌ နေထိုင်သူ မော်လဝီအီခရစ်ဆိုသူအပါအဝင် ခြောက်ဦးအား ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် တရားခံပြေးများဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ငါးခူရနယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**

# ရေးမြို့နယ်၌ အမျိုးအမည်မသိဖားဥများအား စားသောက်မိသူများ အစာအဆိပ်သင့်၍ နှစ်ဦးသေဆုံး

**ရေး ဇူလိုင် ၁၆**

မွန်ပြည်နယ် ရေးမြို့နယ် ကျောက်မိချောင်းကျေးရွာအုပ်စု ဝယ်ဇင်ကျေးရွာရှိ ဦးထွန်းဦးပိုင် ရော်ဘာခြံ၌ ဇူလိုင် ၁၅ ရက် နံနက်က ခြံလုပ်သားလေးဦးမှာ ဖားဥများ စားမိရာက ရေးမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသစဉ် နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရော်ဘာခြံပိုင်ရှင် ဦးထွန်းဦး၏သားဖြစ်သူ ဦးဝင်းဦးနှင့်အတူ အဘော်ကျေးရွာနေ ခြံလုပ်သားများဖြစ်ကြသည့် ဇော်မင်းထက်၊ စိုက်ချမ်း၊ မောင်မြင့်လေး၊ အောင်ကျော်ဌေးနေသူတို့အတူရှိနေစဉ် ညမအိပ်မီ ဖားလိုက်လံရှာရာမှ အမျိုးအမည်မသိ ကျောကုန်းအဖုအထစ်များပါရှိသော အလေးချိန် ၈၀ သားခန့်ရှိ ဖားနှစ်ကောင်အနက် ဥများပါသောတစ်ကောင်ကို မီးကင်ချက်ပြုတ်စားပြီး အော့အန်၍ ရေးဆေးရုံသို့ ပို့ဆောင်နေစဉ် လမ်းတွင် ဦးဝင်းဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ဇော်မင်းထက်မှာလည်း ရေးဆေးရုံအရောက်တွင် ထပ်မံသေဆုံးခဲ့ပြီး စိုက်ချမ်းမှာ (စိုးရိမ်ရ)အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေပြီး သေဆုံးသူနှစ်ဦးမှာ ဆရာဝန်၏ ဆေးစစ်တွေ့ရှိချက်အရ အဆိပ်ရှိသောဖားကိုစားမိ၍ အစာအဆိပ်သင့်ကာ သေဆုံးခြင်းဖြစ်ကြောင်း ဆေးရုံအုပ် ဒေါက်တာမေစန်းချိုက အတည်ပြုပြောကြားသည်။
**နေမျိုးထွဋ်(ရေး)**

# ဘူးသီးတောင်မြို့နယ်တွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူအား သေဆုံးလျက်တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာမှ ဇူလိုင် ၄ ရက် နံနက်ပိုင်းက မျက်နှာဖုံးအနက်များဝတ်ဆင်ထားသည့် အမည်မသိသူ ၁၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွားသည့် အဒူဆူဝမ်း၏ အလောင်းအား ယမန်နေ့ မွန်းလွဲပိုင်းက ကုလားပန်းဇင်ချောင်းစပ်၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာနေ လောင်းလှေသမား မာမောက်တူဟဲရ်သည် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ဘူးသီးတောင်မြို့နယ် ကုလားပန်းဇင်ချောင်းစပ်၌ ရေမျောသောင်တင်နေသော အလောင်းတစ်လောင်းတွေ့ရှိခဲ့သဖြင့် တောင်ဘဇာနယ်မြေစခန်းသို့ လာရောက်သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဇူလိုင် ၄ ရက်နံနက်ပိုင်းက မျက်နှာဖုံးအနက်များ ဝတ်ဆင်ထားသူ ၁၅ ဦးခန့်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာမှ အဒူဆူဝမ်းဆိုသူဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိကျောင်းဆွဲခံရ၍ ပျောက်ဆုံးသူအား သေဆုံးလျက်ပြန်လည်တွေ့ရှိ

**ပလောက် ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ပြည်ခြားကျေးရွာအုပ်စု ကထောင်းနီကျေးရွာ ကြပ်ကုန်းချောင်းအတွင်း၌ ကမ်းနီးငါးဖမ်းနေစဉ် မိကျောင်းဆွဲခံရ၍ ပျောက်ဆုံးသွားသူအား ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် ပြန်လည်တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ ပလောက်မြို့ ပြည်ခြားကျေးရွာအုပ်စု မင်းကကြဲကျေးရွာနေ မောင်မိုးဆန်းဦး၊ မောင်မင်းဇော်၊ မောင်မိုးဝါတို့သည် ကထောင်းနီကျေးရွာ ကြပ်ကုန်းချောင်းအတွင်း၌ ကမ်းနီးငါးဖမ်းနေစဉ် မောင်မိုးဆန်းဦးအား ဇူလိုင် ၁၄ ရက်က မိကျောင်းဆွဲခံရ၍ ပျောက်ဆုံးသွားပြီး တာဝန်ရှိသူများက စက်လှေများဖြင့် လိုက်လံရှာဖွေသော်လည်း မတွေ့ရှိရသဖြင့် ဇူလိုင် ၁၆ ရက် ညနေ ၃ နာရီတွင် ပလောက်မြို့ အုပ်ချုပ်ရေးမှူး၊ နယ်မြေရဲစခန်းမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ ကျေးရွာသားများက စက်လှေလေးစင်းဖြင့် ထပ်မံရှာဖွေခဲ့ရာ တောင်ခေါင်းလောင်းကျေးရွာအနီး ပလောက်ချောင်းအတွင်း၌ မောင်မိုးဆန်းဦး(၂၀ နှစ်)အား မိကျောင်းကိုက်ထားသော ဒဏ်ရာရှစ်ချက်ဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေကြီးသဖြင့် မကွေးတိုင်းဒေသကြီးရှိ စာသင်ကျောင်းများ ယာယီပိတ်ထားရ

**မကွေး ဇူလိုင် ၁၆**
ဧရာဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေး၊ ရေနံချောင်း၊ ရေစကြို၊ ချောက်၊ ပွင့်ဖြူ၊ ပခုက္ကူနှင့် စလင်းမြို့နယ်များရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၁၃၀ ခန့် ယာယီပိတ်ထားရကြောင်း သိရသည်။

ဧရာဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ခုနစ်ခု၌ ဇူလိုင် ၁၆ ရက်အထိ စာသင်ကျောင်း ၁၂၉ ကျောင်းယာယီပိတ်ထားရကြောင်း တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှ သိရသည်။

မကွေးမြို့နယ်၌ တစ်ကျောင်း၊ ရေနံချောင်းမြို့နယ်၌ ငါးကျောင်း၊ ချောက်မြို့နယ်၌ နှစ်ကျောင်း၊ မင်းဘူးမြို့နယ်၌ နှစ်ကျောင်း၊ ပွင့်ဖြူမြို့နယ်၌ ရှစ်ကျောင်း၊ စလင်းမြို့နယ်၌ ၁၇ ကျောင်း၊ ပခုက္ကူမြို့နယ်၌ ၃၆ ကျောင်းနှင့် ရေစကြိုမြို့နယ်၌ ၅၈ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

"မြစ်ရေတက်လို့ သွားလာရေး ကအစ အဆင်မပြေတော့ဘူး ။ ဒါကြောင့် ကျောင်းတွေယာယီ ပိတ်ထားရတာပါ။ မြစ်ရေကျဆင်းသွားလို့ ကျောင်းပြန်ဖွင့်ရင် ကျောင်းပိတ်ချိန်တွေမှာ အချိန်ပိုသဘောမျိုးနဲ့ သင်ခန်းစာတွေကို ပြန်လည် သင်ကြားပေးသွားမယ်"ဟု မကွေးမြို့နယ်မှ ကျောင်းဆရာတစ်ဦးက ပြောသည်။

ယင်းပိတ်ထားရသော စာသင်ကျောင်းများအနက် အထက်တန်းကျောင်း ကိုးကျောင်းပါဝင်ပြီး ကျောင်းအားလုံး တွင် ကျောင်းသားစုစုပေါင်း ၁၇၂၀၉ ဦး ပညာသင်ရေးအခက်အခဲဖြစ်ရသည်ဟု သိရသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကျေးရွာအချို့ရှိ စာသင်ကျောင်းအချို့လည်း ပိတ်ထား ရမည့်အခြေအနေဖြစ်နေပြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာစာသင်ကျောင်းလည်း မြစ်ရေမြင့်တက်လာ မှုကြောင့် နီးစပ်ရာဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့သင်ကြားနေရကြောင်း ဒေသခံများက ပြောသည်။

**ဇွဲထက်ရှင်**



မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနစ်မြုပ်နေသော ကျောင်းတစ်ကျောင်းကိုတွေ့ရစဉ်

## ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေ

**ညောင်တုန်း ဇူလိုင် ၁၆**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ယခုရက်များအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ပေနှင့်အထက် အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေသို့ မရောက်ရှိသေးသော်လည်း ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီ တိုင်းထွာချက်အရ ၂၃ ဒသမ ၅ သို့ ရောက်ရှိနေပြီဖြစ်သော်လည်း စိုးရိမ်ဖွယ်ရာမရှိသေးကြောင်း သိရသည်။

နှစ်စဉ် မိုးတွင်းအခါ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ၂၀၁၅ ခုနှစ်တွင် ၂၅ ဒသမ ၅ ပေအထိလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ၂၆ ဒသမ ၅ ပေအထိ အမြင့်ဆုံး မြင့်တက်ခဲ့ဖူးသည်။ ညောင်တုန်းမြို့၏ မြို့ပတ် တာအမြင့်မှာ ၃၀ ဒသမ ၅ ပေဖြစ်သည်။ ပြီးခဲ့သော မတ်လဆန်းပိုင်းက ၂၁ လမ်း မြို့ပတ် တာကွဲအက် နိမ့်ကျမှုများကိုလည်း အချိန်မီပြင်ဆင်ဆောင်ရွက်ထားရှိမှုများကြောင့်စိုးရိမ်ဖွယ်ရာ အခြေနေများမှ ကင်းဝေးခဲ့ရသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာပါက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများ၊ ရေကင်းချထားမှုလုပ်ငန်းများ ကျေးရွာများ၌ နေ့ညမပြတ် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ချင်းတွင်းမြစ်ရေဝင်ရောက်သော ကျေးရွာအချို့မှဒေသခံများအား ဆန်နှင့်လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဆားလင်းကြီး ဇူလိုင် ၁၆**
ချင်းတွင်းမြစ်ရေ ဝင်ရောက်နေသော ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ဒေသခံပြည်သူများအား ဆန်နှင့် အခြားလူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေတောင်ကြား စေတီဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆားလင်းကြီးမြို့နယ် ကြေးနီ စီမံကိန်း(မုံရွာ) အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာယန်စီကုမ္ပဏီတို့မှ ရေဘေးသင့်ကျေးရွာအုပ်စု ၁၂ စုမှ အိမ်ထောင်စု ၄၄၇၉ စု၊ လူဦးရေ ၂၁၀၀၀ ကျော်အား အိမ်ထောင်စုတစ်စု လျှင်ဆန်လေးပြည်၊ မိုးကာစ၊ ကြိုးခွေနှင့် ဝါးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်က အမှာစကား ပြောကြားပြီး မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်နှင့် မြန်မာဝမ်ပေါင်၊ ယန်စီ ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာအချို့မှ ဒေသခံများအား နှစ်စဉ် ထောက်ပံ့ပေးအပ်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ငွေကျပ်သိန်း ၃၆၀ ကျော်တန်ဖိုးရှိ ဆန်နှင့်အခြားလူသုံးကုန်ပစ္စည်းများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့သည်။**ဦးငယ်(ဆားလင်းကြီး)**

## ထိန်တောကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ခြေ ၅၀ ခန့်ရေဝင်ရောက်

**ကန့်ဘလူ ဇူလိုင် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၅ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယနေ့ နံနက် ၁၁ နာရီခန့်တွင် ထိန်တောကျေးရွာအုပ်စု ထိန်တောကျေးရွာမြောက်ဘက် ပေ ၁၅၀ ခန့်ရှိ ကျေးအင်အက်ဆည်မှ လွှတ်သော DY-2 တူးမြောင်းမှ ရေလျှံ၍ ထိန်တောကျေးရွာအတွင်းသို့ ရေများဝင်ရောက်ခဲ့ပြီး လူနေအိမ် ၅၀ ခန့်နှင့် စာသင်ကျောင်းတို့၌ ရေအနက် နှစ်ပေခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်ခဲ့သည့် ထိန်တောကျေးရွာသို့ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိ ဦးမြတ်သူလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူ နှင့်တပ်ဖွဲ့ဝင်များ၊ ထန်းကုန်းရဲကင်းစခန်းမှူး ရဲအုပ် ဇော်မင်းစိုးနှင့် တပ်ဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီခန့်တွင်ရောက်ရှိပြီး နေအိမ်များအတွင်း ရေဝင်ရောက်မှုကိုလှည့်လည် ကြည့်ရှုကာ လိုအပ်သည်များကူညီပေးလျက်ရှိသည်။

ယင်းရေဝင်ရောက်မှုသည် ညနေ ၃ နာရီခွဲခန့်တွင် ရေအနည်းငယ်ကျဆင်းသွားပြီး ရေအနက် တစ်ပေခွဲခန့်သာရှိကြောင်းနှင့် ရေဝင်ရောက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဧရာဝတီမြစ်ရေမြင့်တက်လာသဖြင့် မြစ်နံဘေးကျေးရွာများအား မြစ်ရေအခြေအနေ လှည့်လည် သတိပေးကြေညာ

**အောင်လံ ဇူလိုင် ၁၆**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၅၅၀ စင်တီမီတာတွင် ၂၄၆၁ စင်တီမီတာသို့ရောက်ရှိနေသဖြင့် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီကစတင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သတိပေးကြေညာခဲ့သည်။

မြစ်နံဘေးရှိကျေးရွာများဖြစ်ကြသော မိုးဖုံး၊ ရွှေသူဌေး၊ ရေပြင်နှင့် ရွာဟိုင်းကျေးရွာများသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ဧရာဝတီမြစ်ရေ၏ လက်ရှိအခြေအနေနှင့် မြစ်ရေဝင်ရောက်လာပါက ဆောင်ရွက်ရန်နည်းလမ်းများ၊ ကျန်းမာရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များကို သတိပေးကြေညာခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးကျော်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်စိန်နှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင် (အောင်လံ)**



**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Fishing Net Neddle၊ Fish Sauce၊ Instant Noodle၊ Ice Cream Tank၊ Soy Milk နှင့် Double Pigeon Baby Com ။**

## တရားဝင်စာရွက်စာတမ်းမရှိသော ကုန်ပစ္စည်းများအား မရမ်းချောင်စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁၉ စီး၊ သွင်းကုန် ၆၃၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၉၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်က မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် နှစ်စီးအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Fishing Net Neddle (1× 50 kg) (600) kg၊ Fish Sauce 750 ml (1× 12) (28)Pkgs၊ Instant Noodle (1x 30) (42)Pkgs၊ Ice Cream Tank (1×5) (4)Pkgs၊ Soy Milk (125ml × 60) (30)Pkgs နှင့် Double Pigeon Baby Com (1× 24) (10)Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး၌ ၂၂ ဘီးယာဉ် အရှိန်မထိန်းနိုင်၍ ညောင်ပင်ဝင်တိုက်ရာမှ ယာဉ်မောင်းသေဆုံး

**မူဆယ် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး၌ ဇူလိုင် ၁၅ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ၂၂ ဘီး ယာဉ်တစ်စီး အရှိန်မထိန်းနိုင်သောကြောင့် ညောင်ပင်ကိုဝင်တိုက်မိပြီး ယာဉ်မောင်း သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ မူဆယ်ဘက်သို့ ယာဉ်မောင်း ကိုမျိုးကိုကို မောင်းနှင်လာသော တွဲကားယာဉ် ၂၂ ဘီးယာဉ်သည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး၌ ခေတ္တယာဉ်ရပ်နားပြီး ည ၁၁ နာရီကျော်ခန့် မူဆယ်ဘက်သို့ ဆက်လက်ထွက်ခွာစဉ်တွင် မူဆယ် မောင်းတံအနီးအရောက် ပြည်ထောင်စုလမ်းမကြီးဘေး မန်အမော်ကျေးရွာလမ်းခွဲရှိ ညောင်ပင်ကြီးအား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်ကြီးအား ဝင်တိုက်မိခဲ့သောကြောင့် ၂၂ ဘီးယာဉ်မှာ ဦးခေါင်းပိုင်းကျိုးကြေပျက်စီးသွားခဲ့ပြီး ယာဉ်မောင်းဖြစ်သူ မကွေးတိုင်းဒေသကြီး ဆိတ်ဖြူမြို့နယ် ထက်ဆည်ကျေးရွာနေ ကိုမျိုးကိုကို (၃၃ နှစ်)မှာ ခေါင်းဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး အခင်းဖြစ်ပွားရာ နေရာ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့ကာ ယာဉ်နောက်လိုက် ကိုဝင်းညွန့်မှာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သောကြောင့် အခင်းဖြစ်ပွားရာ နေရာသို့ ကုန်သွယ်ရေးဇုန်အတွင်း လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များ၊ မူဆယ်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ ရဲကင်းအဖွဲ့များနှင့် မိုင်းယု ၁၀၅ မိုင် ပါရမီလူမှုကူညီရေး အသင်းသူ အသင်းသားများ အချိန်နှင့်တစ်ပြေးညီရောက်ရှိလာပြီး သေဆုံးသူ ကိုမျိုးကိုကိုနှင့် ဒဏ်ရာရရှိသူ ကိုဝင်းညွန့်တို့အား မိုင်းယု ၁၀၅ မိုင် ပါရမီလူမှုကူညီရေး အသင်းယာဉ်ဖြင့် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မိုးညှင်းမြို့ အောင်သပြေ(၂)ရပ်ကွက် ဦးဖိုးကျားလမ်း အမှတ်(၂/၁၁၇)နေ မခွန်ဆန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်းကျေးရွာ ဝေဠုဝန်လမ်းတွင် မဖြူဖြူစိုးအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ကုန်းတလပေါင်းကျေးရွာ ဝေဠုဝန်လမ်းသွယ်နေ ကွင်းဆက်တရားခံ ထိုက်ထိုက်နှင့် မနွယ်နီထွန်းတို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀ ကိုလည်းကောင်း။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံ မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်အုပ်စု ဝမ်လင်ရွာနေ စိုင်းရှန်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် မြန်မာငွေကျပ်တစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ကားကူးဇက်ဖြင့် ချောင်းကူးစဉ် စက်ပျက်၍ ပင်လယ်ဝသို့မျောပါ

**ရွှေသောင်ယံ ဇူလိုင် ၁၆**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့၌ ဇူလိုင် ၁၅ ရက် ညဦးပိုင်းက ကားဇက်ကူးရာမှ ကားကူးဇက်မှာ စက်ပျက်၍ ပင်လယ်ဝသို့ မျောပါခဲ့ကြောင်း သိရသည်။

ဒိုင်နာ(၁၀)ပေ ကားတစ်စီးသည် ကုန်များတင်ဆောင်လျက် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်ကြားရှိ ချောင်းအား ဖြတ်ကူးစဉ် ကားကူးဇက်မှာ စက်ပျက်၍ ပင်လယ်ဝသို့ ရေစီးနှင့် မျောပါကာ ဟိုတယ်ရွှေသောင်ယံရှေ့ သဲသောင်ခုံတွင် သောင်တင်လျက်ရှိပြီး လှိုင်းပုတ်သည့်အရှိန်ကြောင့် ဇက်၏လက်ရန်းများကွာကျ၍ ကားမှာ ဇက်အောက်သို့ ပြုတ်ကျကာ ခေါင်းပိုင်း ကြေမွပျက်စီးသွားသည်။ **(အပေါ်ပုံ)** ဇက်ပေါ်တွင် အဆိုပါကားတစ်စီးနှင့် czi အမျိုးအစားဆိုင်ကယ်တစ်စီးတို့ တွေ့ရှိရပြီး စက်ပျက်စဉ် ဇက်ပေါ်ပါ လူများမှာ အသက်အန္တရာယ်တစ်စုံတစ်ရာမရှိဘဲ ပျက်စီးဆုံးရှုံးမှုအား သက်ဆိုင်ရာက စိစစ်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင် (ပြန်/ဆက်)**

# ဆိုင်ကယ်လုယူထွက်ပြေးသူနှစ်ဦးအား အချိန်တိုအတွင်းဖမ်းဆီးရမိ

**သဃ်န်းညီနောင် ဇူလိုင် ၁၆**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြေနီကုန်းမုခ်ဝ ဇေယျဝတီ ဆိုင်ကယ်တက္ကစီဂိတ်တွင် ဆိုင်ကယ်တက္ကစီမောင်းနှင်သူ ဦးဌေးဝင်းသည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က မြဝတီမှ သဃ်န်းညီနောင်ကျေးရွာသို့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား လိုက်ပါပို့ဆောင်စဉ် ဖားချောင်းတံတားအနီး လူပြတ်သည့်နေရာအရောက် ဦးဌေးဝင်းအား ဆိုင်ကယ်ပေါ်မှဆွဲချကာ ၎င်း၏ HONDA Wave အမျိုးအစား ဆိုင်ကယ်အား လုယူမောင်းနှင်သွားသဖြင့် သဃ်န်းညီနောင် နယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သည်။

သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဍာန်အား အသေးစိတ်ရယူ၍ စခန်းမှူး ရဲအုပ်မြဝင်းဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် အဖွဲ့များခွဲ၍ စုံစမ်းပိတ်ဆို့ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် သဃ်န်းညီနောင်ကျေးရွာ စစ်မှုထမ်းဟောင်းရပ်ကွက် စစ်မှုထမ်းဟောင်း လမ်းမပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသဖြင့် မေးမြန်းရာ မျိုးနိုင် (၃၀ နှစ်) ရွှေစည်းခုံရပ်ကွက် ရမည်းသင်းမြို့နေသူနှင့် မသက်မွန်စံ (၂၅ နှစ်)သဃ်န်းညီနောင် ကျေးရွာနေသူတို့မှာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ကလေးငယ်နှစ်ဦး သံသေတ္တာအတွင်း ဆော့ကစားရာမှပိတ်မိသေဆုံး

**မကွေး ဇူလိုင် ၁၆**

မကွေးမြို့နယ် ဝါဂွမ်းကျေးရွာတွင် ဇူလိုင် ၁၅ ရက်က ကလေးငယ်နှစ်ဦး သေတ္တာအတွင်း ဆော့ကစားရာမှ ပိတ်မိသေဆုံးခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် ည ၉ နာရီက ဝါဂွမ်းကျေးရွာတွင် ကလေးနှစ်ဦး သံသေတ္တာအတွင်းပိတ်မိကာ သေဆုံးနေကြောင်းသတင်းအရ မကွေးနယ်မြေရဲစခန်းမှ ဒုရဲအုပ် နောင်နောင်စိုး သွားရောက်စစ်ဆေးခဲ့ရာ ဝါဂွမ်းကျေးရွာ တောင်ပိုင်းနေ မအေးနွဲ့ကြည်(၂၄ နှစ်)၏ မြေစိုက်နေအိမ် အိပ်ခန်းအတွင်းရှိ အလျား ၃၄ လက်မ၊အနံ ၁၈ လက်မ၊ အမြင့် ၁၄ လက်မရှိ သံသေတ္တာအတွင်း၌ မရတနာဌေး(၇နှစ်)နှင့် မတင်မိုးဖြူ (၇ နှစ်)တို့နှစ်ဦးအား သေဆုံးလျက် တွေ့ရှိခဲ့သည်။

ဖြစ်စဉ်အားမေးမြန်းခဲ့ရာ မအေးနွဲ့ကြည်သည် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက နေအိမ်တွင် သမီးဖြစ်သူ မရတနာဌေးအား တစ်ဦးတည်းထားခဲ့ပြီး မကွေးမြို့ ရန်ပယ်ဈေးသို့ ကုန်ခြောက်ရောင်းရန် သွားရောက်ခဲ့ပြီး ညနေ ၄ နာရီတွင် ဈေးရောင်းရာမှ နေအိမ်သို့ပြန်လည်ရောက်ရှိစဉ် သမီးဖြစ်သူ မရတနာဌေးအား မတွေ့ရသဖြင့် သမီးဖြစ်သူနှင့် ကစားဖော်ဖြစ်သည့် အိမ်နီးချင်းဖြစ်သူ မတင်မိုးဖြူ၏မိခင် မစုစုထွေး(၃၈ နှစ်)အား မေးမြန်းရာ မွန်းလွဲ ၁ နာရီခန့်က မတင်မိုးဖြူနှင့် မရတနာဌေးတို့အား မုန့်ဖိုးငွေကျပ် ၁၅၀ ပေးကာ မအေးနွဲ့ကြည်၏နေအိမ်တွင် နှစ်ဦးအတူကစားနေကြရန် ပြောပြီး စေလွှတ်လိုက်ရာမှ ပြန်လာခြင်းမရှိသေးကြောင်း သိရှိရသဖြင့် ကျေးရွာအတွင်း လိုက်လံရှာဖွေခဲ့ရာ မတွေ့ရှိ၍ ည ၈ နာရီတွင် နေအိမ်တွင်းရှာဖွေစဉ် သံသေတ္တာအားဖွင့်ကြည့်ရာမှ ကလေးနှစ်ဦး သေဆုံးနေသည်ကိုတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မကွေးနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**ကျော်ဇေယျ**

# မော်ဟန်- လွဲခမ်းတောင်ကွေ့အဆင်း၌ ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်

**မိုးညှင်း ဇူလိုင် ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွဲခမ်းတောင်ကွေ့အဆင်းတွင် ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီခွဲခန့်က မော်တော်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

မော်ရွာကျေးရွာရဲကင်းစခန်းနှင့် တစ်မိုင်ခန့်အကွာ မော်ဟန်-လွဲခမ်းတောင်ကွေ့ ကားလမ်း မိုင်တိုင်အမှတ် (၁၇၂/၄ နှင့် ၅)ကြားတွင် ယနေ့ညနေ ၅ နာရီခွဲခန့်က မိုးညှင်းဘက်မှ မောင်းနှင်လာသော (အမည်မသိစုံစမ်းဆဲ) TOYOTA COROLLA MDY X/---- သည် အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်းအား အရေးယူနိုင်ရန်အတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝ၆၇)

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၃/၀၁/၂၂၀

**ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ**

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းသည် (၂၀၁၄-၁၅/၂၀၁၅-၁၆/၂၀၁၆-၁၇) ပညာသင်နှစ်တွင် ၃-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်းဖြစ်ပြီး

၂၀၁၆-၁၇ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီးတွင် (၉၂.၁၁%)ဖြင့် အောင်ချက်အကောင်းဆုံး(ပထမ)ကျောင်းဖြစ်ပြီး ဝိဇ္ဇာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3)



ဝိဇ္ဇာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့်(Top-3) မောင်မင်းခန့်မွန် ဆသက ၂၂၈၂ (သချာ်၊ ဓာတု၊ ရူပ၊ ဘောဂ)

အတွဲ (၁) ဘောဂဗေဒ အောင်ချက် (၈၂.၃၅%)
အတွဲ (၇) ဇီဝဗေဒ အောင်ချက် (၁၀၀%)
တစ်ကျောင်းလုံးအောင်ချက် (၉၂.၁၁%)

Repeater တန်းခွဲသစ်များလက်ခံပြီ
Repeater တန်းခွဲသစ်များ July(3)ရက် တနင်္လာနေ့ စမည်။

၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

- ကျူရှင်ထပ်တက်ရန် မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း၊
- ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  - နေ့ကျောင်း
  - ဘော်ဒါ/တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်၊
- လူဦးရေသန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်၊

Ferry ရှိသည်

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၁ ၈၅၆၂၈၃၀၊ ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၂၅၉၂၅၈၄၀၇၊

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3F/3806 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2F/7661 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် AA/5470 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/4811 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်ဒေါ်ရပ်ကွက်၊ ပဟာသုခလမ်း၊ ခေါင်းရင်းခန်း အမှတ် (၁၀၈)၊ ၆-လွှာ၏ အကျိုးခံစားခွင့်တို့ကို ဆက်စပ်စာချုပ်ဖြင့်ပိုင်ဆိုင်သူ ဦးသန်းဝင်း (၁၂/မဂတ (နိုင်) ၀၂၁၉၈၄) ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသက်မိုး (LL.B) (စဉ်-၆၃၄၈)
တရားလွှတ်တော်ရှေ့နေနှင့် ဘဏ္ဍာရှေ့နေ
အခန်း (C-3)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၉၆၅၅၂၆၈၀၂

**EAGLE GUEST HOUSE**

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာဿဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

# မြန်မာလူငယ်ဂေါက်သီးကစားသမားများ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁၆**

စင်ကာပူနိုင်ငံ Singapore Island Country Club ၌ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် 70th Singapore Open Amateur Championship ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်ဂေါက်သီးအားကစားသမားများသည် ဇူလိုင် ၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။



ယင်းပြိုင်ပွဲသည် ဒေသတွင်း၌ အစဉ်အလာကြီးမားသည့် ပြိုင်ပွဲကြီးတစ်ခုဖြစ်သည်နှင့်အညီ ထိုင်း၊ စင်ကာပူ၊ သြစတြေးလျ၊ မြန်မာ၊ ဟောင်ကောင်၊ အင်ဒိုနီးရှားစသည့်နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အားကစားသမားပေါင်း ၁၀၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထူးခြားချက်အနေဖြင့် ပြိုင်ပွဲနောက်ဆုံးနေ့ ဇူလိုင် ၁၄ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ပြိုင်ပွဲပြီးဆုံးအောင် မကျင်းပနိုင်ခဲ့ဘဲ ပြိုင်ပွဲသုံးရက်၏ ရလဒ်များဖြင့် ဆုပေးပွဲကျင်းပခဲ့ရကြောင်းနှင့် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကစားသမား ရာဇာအောင်သည် ၁၇၈ မီတာအကွာအဝေးရှိသည့် ကျင်းအမှတ် ၁၄ တွင် ရိုက်ချက်တစ်ချက်တည်းဖြင့် ကျင်းဝင်အောင် ရိုက်နိုင်ခဲ့သည့်အတွက် Hole In One ဆုရရှိခဲ့ကြောင်း သိရသည်။

ယခုပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းသည် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစား၌ အောင်မြင်မှုများရရှိစေရန် ပြိုင်ပွဲအကြိုလက်ရည်သွေးသည့်အနေဖြင့် ရည်ရွယ်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

❄ *ကျောဖုံးမှ*

ပြိုင်ပွဲအပြီးတွင် ချန်ပီယံဆုရခဲ့သည့် စီးတီးရန်ကုန်နှင့် ဒုတိယဆုရရှိခဲ့သည့် မဟာယူနိုက်တက်အသင်းသည် MNL သို့ တန်းတက်ခွင့်ရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် စီးတီးရန်ကုန်အသင်းက ၅၃ မှတ် ဖြင့် ပထမ၊ မဟာယူနိုက်တက်အသင်းက ၄၃ မှတ်ဖြင့် ဒုတိယ၊ မြဝတီအသင်းက ၃၈ မှတ်ဖြင့် တတိယရရှိသည်။ စီးတီးရန်ကုန်သည် မဟာယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ တတိယဆု မြဝတီအသင်းအား ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆုရ မဟာ ယူနိုက်တက်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၁၅၀၊ ပထမဆုရ စီးတီးရန်ကုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ဆုကြေး ငွေကျပ်သိန်း ၃၀၀ တို့ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

## အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် မြန်မာကျွမ်းဘားနှင့် လမ်းလျှောက်ပြိုင်ပွဲများ၌ ကြေးနှစ်ခုထပ်မံရရှိ

**ရန်ကုန် ဇူလိုင် ၁၆**

(၉)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံရှိ သတ်မှတ်ထားသော အားကစားရုံများ၌ ယနေ့ ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ပြေးခုန်ပစ်အမျိုးသားမီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မိုင်းညီညီမိုးက ဗိုလ်လုပွဲတွင် ၂၃ မိနစ် ၃၅ ဒသမ ၁၆ စက္ကန့်ဖြင့် တတိယ၊ စင်ကာပူက ၂၂ မိနစ် ၄၄ ဒသမ ၄၃ စက္ကန့်ဖြင့် ဒုတိယ၊ ထိုင်းက ၂၂ မိနစ် ၄၂ ဒသမ ၆ စက္ကန့်ဖြင့် ပထမရရှိခဲ့ပြီး အမျိုးသားကျွမ်းဘားပြိုင်ပွဲတွင် မြန်မာမှ သာအောင်ထက်က တတိယ၊ စင်ကာပူက ဒုတိယ၊ ဖိလစ်ပိုင်က ပထမဆုရရှိခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## အားကစားကွင်း ဆောက်လုပ်ရန် မြေနေရာလှူဒါန်း

**ဖြူး ဇူလိုင် ၁၆-** ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် တစ်ဆက်တစ်စပ်တည်း ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ရန်နှင့် ကျောင်းအားကစားကွင်းပြုလုပ်ရန် မြေနေရာလှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက်က အဆိုပါကျောင်းအောင်ဆန်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ်နှင့် အားကစားကွင်းမြေနေရာကို ဖြူးမြို့မဟာကိတ္တာရာမ ရွှေကျင်မြောက်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက ကျောင်းတိုက်ပိုင် လယ်ယာမြေများထဲမှ ၇ ဒသမ ၅ ဧကကို မေတ္တာဖြင့် လှူဒါန်းပြီး လှူဒါန်းမြေအား ဂေါပကအဖွဲ့ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးဝင်းကြူက အမှတ် (၂) အထက ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ❖ ရီးရဲမက်ဒရစ်အသင်းသည် မိုနာကိုလူငယ်တိုက်စစ်မှူး အမ်ဘတ်ပီ (၁၈နှစ်) ကို ဝယ်ယူနိုင်ရန်အလို့ငှာ ဝေးလ်လက်ရွေးစင်ကစားသမား ဂါရတ်ဘေးလ် (၂၈ နှစ်) ကို ရောင်းထုတ်ရန်စဉ်းစားနေကြောင်း သိရသည်။
- ❖ မန်ချက်စတာယူနိုက်တက် ကွင်းလယ်ကစားသမား အန်ဒါ ဟာရဲရား (၂၇နှစ်) သည် တစ်ပတ်လုပ်ခ ပေါင် နှစ်သိန်းဖြင့် မန်ချက်စတာယူနိုက်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း သိရသည်။
- ❖ ချယ်လ်ဆီးအသင်းသည် ဂျူဗင်တပ်စ်နှင့် အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင် (၂၉နှစ်) အတွက် ပေါင် ၈၈ သန်း ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း သိရသည်။
- ❖ လီဗာပူးအသင်းသည် ဂီနီယာလက်ရွေးစင်နှင့် လိုက်ပ်ဇစ်ကွင်းလယ်ကစားသမား နာဘီကီတာ (၂၂နှစ်) အတွက် ပေါင် ၅၇ သန်းကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်သောကြောင့် လာမည့်အပတ်တွင် အဆိုပါ ကစားသမားအား ကမ်းလှမ်းမှုသစ် တစ်ရပ်ပြုလုပ်ရန် ဆန္ဒရှိနေသည်။
- ❖ မန်ချက်စတာစီးတီးအသင်းသည် တော့တင်ဟမ်အသင်းမှ ဒန်နီရို့စ် (၂၇နှစ်) ကို ခေါ်ယူရန် မဖြစ်နိုင်တော့သဖြင့် ယခုအခါ မိုနာကို ဘယ်နောက်ခံကစားသမား ဘင်ဂျမင်မန်ဒီ (၂၂နှစ်)ကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် သတင်းများ ထွက်ပေါ်လျက်ရှိသည်။
- ❖ စတုတ်စီးတီးအသင်းသည် မာကိုအနာယူတိုဗစ် (၂၂နှစ်) အတွက် ဝက်စ်ဟမ်းအသင်း၏ တတိယအကြိမ်မြောက် ကမ်းလှမ်းမှုကို မျှော်လင့်လျက်ရှိနေပြီး သြစတြီးယားတိုက်စစ်မှူးအတွက် ပေါင် ၂၂ ဒသမ ၅ သန်း အလိုရှိနေကြောင်း သိရသည်။
- ❖ ရီးရဲမက်ဒရစ်အသင်း၏ ဘရာဇီး ညာနောက်ခံကစားသမား ဒန်နီလို (၂၆နှစ်) သည် ချယ်လ်ဆီးအသင်းထံသို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ❖ ငယ်ဘဝအသင်းဖြစ်သော အဲဗာတန်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့လာသော ရွန်းနေက အသက် ၂၃ နှစ်အရွယ် အင်္ဂလန်လက်ရွေးစင်ကစားသမား ဘာကလေကို အဲဗာတန်အသင်းတွင် ဆက်လက်မြင်တွေ့စေလိုကြောင်း သိရသည်။ ဘာကလေ၏ စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ကုန်ဆုံးတော့မည်ဖြစ်ပြီး ယခုရာသီတွင် တော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ရန်အတွက် ချိတ်ဆက်ခံထားရသူဖြစ်သည်။

**ဇော်ဇော်**



အဲဗာတန်လူငယ်ကစားသမား ဘာကလေ


### ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၇) သူရတပ်ခွဲ (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၇)၊ သူရတပ်ခွဲ၏ (၂၄)နှစ်မြောက်နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူရ(၈၇) ဗိုလ်သင်တန်းကျောင်းဆင်း သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ၅-၈-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ ရေပြာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားပါမည်။
(၂) ၅-၈-၂၀၁၇ ရက် ည ၇ နာရီတွင် နေပြည်တော်၊ ဥတ္တရသီရိမြို့ရှိ တာမိုးကျော်စားသောက်ဆိုင်၌ မိတ်ဆုံစားပွဲ ပြုလုပ်ပါမည်။
(၃) ၆-၈-၂၀၁၇ရက် နံနက် ၁၀း ၃၀ နာရီတွင် နေပြည်တော်၊ ရွှေကြာပင်ရပ်ကွက်ရှိ အောင်ရတနာကျောင်းတိုက်၌ ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။

ဆက်သွယ်ရန် - ဦးသောင်းကြည် ဖုန်း-၀၉-၇၈၃၈၈၁၁၀၉၊ ၀၉-၄၄၄၉၄၄၄၇၀
- ဦးနေမောင် ဖုန်း-၀၉-၂၆၁၀၁၈၁၀၇၊ ၀၆၇-၄၁၈၅၃၇
- ဦးအောင်စိုး ဖုန်း-၀၉-၄၄၃၉၀၂၄၃၈၊ ၀၆၇-၄၁၂၀၄၆
- ဦးသန်းဦး ဖုန်း-၀၉-၂၅၄၂၈၄၉၆၄၊ ၀၆၇-၄၁၂၁၂၆
- ဦးဆန်းအောင် ဖုန်း-၀၉-၂၆၀၄၆၅၁၉၃

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7B/3680 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွှာသာကြီး)**

### အများသိစေအပ်ပါသည်

ကျွန်တော်၏သား မောင်နေထက် ၁၂/စခန(နိုင်)၀၆၆၆၉၅ သည် မိဘစကားနားမထောင်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ထားပါသည်။ ယခုအခါ စိတ်ဖောက်ပြန်၍ ထင်မိထင်ရာလုပ်ဆောင်ခဲ့ပြီး ငွေချေးခြင်း၊ ဖုန်းငှားခြင်းများ ပြုလုပ်နေပါသောကြောင့် ၎င်းအား ရှောင်ရှားကြပါရန် သတိပေးအပ်ပါသည်။ မောင်နေထက်နှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။
**ဦးသန်းမြတ်စိုး**

### ဖခင်အမည်မှန်

ကျောက်တန်းအထက(၂)၊ တက္ကသိုလ်ဝင်တန်း အခန်း(၃)မှ မောင်မျိုးမင်းသူ (၁၈၈/၁၆)၏ဖခင်အမည်မှန်မှာ ဦးလွင်လွင်ထွန်းဖြစ်ပါကြောင်း။
**ဦးလွင်လွင်ထွန်း**

### အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရေကာအုပ်စု၊ ရှမ်းရွာကျေးရွာမှ ဦးတင်ဝင်း ၉/လဝန(နိုင်)၀၁၀၇၈ ၏သမီး မညိုစိမ့်အား မမာလာသိန်းဟု ပြောင်းလဲခေါ်ပါရန်။
**မမာလာသိန်း**

### ပခုက္ကူခရိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

ပခုက္ကူခရိုင်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၇၉ ခုနှစ် ဝါဆိုလကွယ်နေ့ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး ပခုက္ကူဓမ္မာရုံကြီးတွင် ကျင်းပ၍ ပခုက္ကူခရိုင်နယ်သား သံဃာတော် ၃၅ ပါးကို ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ၊ ခရိုင်သူခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူနိုင်ပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ အလှူငွေများကို ဖော်ပြပါ ဖုန်း-၀၉-၅၀၂၀၁၃၃၊ ၀၉-၂၅၀၈၉၄၃၉၀၊ ၀၉-၇၃၀၇၇၇၅၁၊ ၀၉-၉၇၀၀၈၁၃၂၀၊ ၀၉-၇၉၉၈၇၆၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းကုသိုလ်ယူနိုင်ပါသည်။
**အညာထမင်းဟင်းနှင့်ဧည့်ခံကျွေးမွေးပါမည်။**
**အမှုဆောင်အဖွဲ့**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအုန်းလွင် ၇/ကတခ(နိုင်)၀၇၈၅၈၈ က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ လူနေရပ်ကွက်အမှတ်-ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၁၂၂၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၁၆/၁၂၂ ဟု ခေါ်တွင်သော (အလျား×အနံ)(ပေ၄၀×ပေ ၆၀)အကျယ်အဝန်းရှိ ဦးခင်မောင်ဆန်း ၁၂/လကန(နိုင်)၀၁၆၂၀၉ အမည်ပေါက်သည့် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်စမ်းပပဦး ၁၂/မဂဒ(နိုင်)၀၀၉၈၀၆ ထံမှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ၎င်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်အောင်စိုး
LL.B., C.B.L., D.B.L., D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၈၅)

ဦးအောင်သူစိုး
LL.B., B.Sc(Engg)
(စဉ်-၃၉၂၇၁)

ဦးဝဏ္ဏစည်သူမိုး
LL.B(စဉ်-၄၇၁၃၂)
(အထက်တန်းရှေ့နေများ)

အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၉-၉၆၅၄၀၃၁၈၃၊ ၀၉-၉၇၅၄၀၃၁၈၃

**ဖခင်အမည်မှန်**
ပြည်မြို့(DTTM)ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းထက်မင်းဆွေ၏ ဖခင်အမည်မှန်မှာ ဦးတင်မိုး ၇/ပမန(နိုင်)၁၀၅၃၃၉ ဖြစ်ပါကြောင်း။

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း
**နိုင်ငံတကာသတင်းဂျာနယ်**
2017 JULY 17 TO 23 , MONDAY | 1119|
အတွေးအမြင် ဆောင်းပါးအမြွာ
အာရှသွယ်ဖွား အမျိုးသမီးစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ
အမေရိကန်အတွက် စိုးရိမ်ရသည့် ရုရှားလက်နက်ငါးမျိုး
မြောက်ကိုရီးယားကို လက်တုံ့ပြန်ရန် ရွေးချယ်နေသည့် ဒေါ်နယ်ထရန့်
အမေရိကန်သာ ပထမဆိုတဲ့မူဝါဒကြောင့် အမေရိကန် အထီးကျန်ဖြစ်သွားနိုင်သလား
အီရန်နိုင်ငံ ရင်ဆိုင်ဖြေရှင်းရမည့် အန္တရာယ်ကြီးမားသော စီအိုင်အေနှင့် အိုင်အက်စ်တို့၏ ရန်စွယ်နစ်သွယ်
လူ့သမိုင်းကို ပြောင်းလဲစေခဲ့သည့် စစ်ပွဲကြီးငါးပွဲ
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေးကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၈
E-mail:internationaljournalmm@gmail.com

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

၄၀။ သက်ဆိုင်ရာ တရားရုံးသည် -

(က) ပုဒ်မ ၃၉ အရ လျှောက်ထားမှုကို စိစစ်ပြီး ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစားလျက် မိဘတစ်ဦးဦးကိုဖြစ်စေ၊ ဘိုးဘွား တစ်ဦးဦးကိုဖြစ်စေ၊ သွေးရင်းဆွေမျိုးတစ်ဦးဦးကိုဖြစ်စေ ဦးစားပေးအစီအစဉ်အတိုင်း အုပ်ထိန်းသူအဖြစ် လည်းကောင်း၊ ယင်းတို့ တစ်ဦးဦးမရှိသည့်အခါ သင့်လျော်သော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို အုပ်ထိန်းသူအဖြစ် လည်းကောင်း ခန့်အပ်တာဝန်ပေးသည့် စီရင်ချက်နှင့် ဒီကရီ ချမှတ်ပေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အသက်အရွယ်နှင့်ရင့်ကျက်မှုကို တည်မှီပြီး ကလေးသူငယ်နှင့်စပ်လျဉ်းသည့် အုပ်ထိန်းမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုတို့အတွက်စီရင်ချက်နှင့် ဒီကရီ ချမှတ်ရာတွင် ထိုကလေးသူငယ်၏ ဆန္ဒသဘောထားကို ရယူရမည်။

၄၁။ သက်ဆိုင်ရာတရားရုံးက မိဘ မဟုတ်သူအား အုပ်ထိန်းသူအဖြစ် ခန့်အပ်တာဝန်ပေးပြီးနောက် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ခွဲခွာနေထိုင်ရန် လိုအပ်သည့်အခါမှတစ်ပါး ကလေးသူငယ်တိုင်းသည်မိဘ၊ ဘိုးဘွားတို့နှင့် ပုံမှန်တွေ့ဆုံခွင့် ရှိစေရမည်။

**အခန်း (၁၁)**

**စရိတ်ထောက်ပံ့ခြင်း**

၄၂။ ကလေးသူငယ်၏မိဘသည် ကလေးသူငယ်ကို ကျွေးမွေးပြုစုရန်နှင့် ကလေးသူငယ်၏အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးရန် တာဝန်ရှိစေရမည်။

၄၃။ (က) ဖခင်တိုင်းသည် လင်မယားကွာရှင်းသည် ဖြစ်စေ၊ မကွာရှင်းသည်ဖြစ်စေ မိမိ၏ သားသမီးတိုင်းကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်အားစရိတ်ထောက်ပံ့ရန် တာဝန်ရှိသည့် ဖခင်က လုံလောက်သော အကြောင်းမရှိဘဲ ကလေးသူငယ်အား စရိတ်ထောက်ပံ့ရန် ပျက်ကွက်ပါက ကလေးသူငယ်ကိုယ်စားမိခင် သို့မဟုတ် အုပ်ထိန်းသူက စရိတ်ထောက်ပံ့ရန် ပျက်ကွက်သည့် ဖခင်အပေါ်သက်ဆိုင်ရာ တရားရုံးတွင် စရိတ်ထောက်ပံ့ရန် လျှောက်ထားစွဲဆိုနိုင်သည်။

၄၄။ သက်ဆိုင်ရာတရားရုံးသည် -

(က) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ ကလေးသူငယ်စရိတ်ထောက်ပံ့ရန် လျှောက်ထားမှုတွင် လျှောက်ထားခံရသော ဖခင်က စရိတ်ထောက်ပံ့ရန် လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်ကြောင်း တွေ့ရှိပါက ကလေးသူငယ်တစ်ဦးလျှင် လစဉ်ငွေကျပ် ၅၀၀၀၀ ထက်မပိုသော စရိတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့်စရိတ်ကို လျှောက်ထားခံရသူက ပေးဆောင်ရန် ပျက်ကွက်လျှင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင် ပျက်ကွက်သကဲ့သို့ မှတ်ယူ၍ ဒဏ်ငွေအရ ကောက်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံပြီးရရှိသည့် ငွေကိုချမှတ်ထားသည့်စရိတ်အတွက် လျှောက်ထားသူအား ပေးရမည်။

**အခန်း (၁၂)**

**ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ**

၄၅။ ကလေးသူငယ်တိုင်းသည် -

(က) ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ ရရှိစေရမည်။

(ခ) နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။

(ဂ) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစံသတ်မှတ်ချက်များနှင့် ကိုက်ညီစွာခံစားခွင့် ရရှိစေရမည်။

၄၆။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် -

(က) ကလေးသူငယ်များ ကျန်းမာရေးဆိုင်ရာအခွင့်အရေး ထိရောက်စွာ ခံစားခွင့်ရရှိစေရန်လိုအပ်သော နိုင်ငံတော်၏ အထောက်အပံ့နှင့် အရင်းအမြစ်များ ခွဲဝေချထားပေးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) မွေးကင်းစကလေးအပါအဝင် ကလေးသူငယ်တိုင်း ကျန်းမာဖွံ့ဖြိုးရေးအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများအား စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ဂ) ကလေးသူငယ်၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်၊ အသုံးအဆောင်နှင့်ဆေးဝါးများ အပါအဝင် ရပ်ရွာလူမှုအလေ့အထများကို ဆန်းစစ်၍ သင့်လျော်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

**အခန်း (၁၃)**

**ပညာရေးဆိုင်ရာ အခွင့်အရေးများ**

၄၇။ ကလေးသူငယ်တိုင်းသည် -

(က) ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ပညာသင်ယူမှုဆိုင်ရာ အခွင့်အရေးများရရှိစေရမည်။

(ခ) နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် သတ်မှတ်ထားသော အဆင့်အထိ အခမဲ့ပညာသင်ယူခွင့်ရှိသည်။

(ဂ) တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများ ဖွံ့ဖြိုးရေးအတွက် သင်ယူစောင့်ထိန်းခွင့်ရှိသည်။

၄၈။ ပညာရေးဝန်ကြီးဌာနသည် -

(က) ကလေးသူငယ်များ ပညာသင်ယူမှုဆိုင်ရာအခွင့်အရေး ထိရောက်စွာ ခံစားခွင့်ရရှိစေရန်လိုအပ်သော နိုင်ငံတော်၏ အထောက်အပံ့နှင့် အရင်းအမြစ်များ ခွဲဝေချထားပေးရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) နိုင်ငံတစ်ဝန်းလုံး သတ်မှတ်ထားသော အခမဲ့မသင်မနေရ ပညာရေးအဆင့် ပြီးမြောက်စေရန် ဦးတည်ဖော်ဆောင်ရမည်။

(ဂ) ကလေးသူငယ်များကို ကျောင်းအပ်နှံရေး၊ ကျောင်းမှန်မှန်တက်ရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်က ဖွင့်လှစ်သောကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သော ကလေးသူငယ်များနှင့် ပညာသင်ယူနိုင်ခြင်းမရှိသော ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းပြင်ပ ပညာရေးအပါအဝင် အခြားသော လက်တွေ့အသုံးချနိုင်သည့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးဆိုင်ရာ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(င) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများ ဖွံ့ဖြိုးစေရန်သင်တန်းများ ဖွင့်လှစ်သင်ကြားရေးအတွက် ကူညီဆောင်ရွက်ရမည်။

**အခန်း (၁၄)**

**ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း**

၄၉။ (က) မည်သည့် ကလေးသူငယ်ကိုမျှ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့်ပြုခြင်း မပြုရ။

(ခ) အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် ကလေးသူငယ်၏ အသက်သည် ၁၄ နှစ်အောက် မငယ်စေရ။ အကယ်၍ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်အရ အခမဲ့ မသင်မနေရ ပညာရေးစနစ်အတွက် သတ်မှတ်ထားသော အသက်သည် ၁၄ နှစ်ထက်ပိုပါက ကျောင်းနေသော ကလေးသူငယ်များ၏ အလုပ်လုပ်ကိုင်နိုင်သည့် အသက်သည် ထိုသို့ပို၍ သတ်မှတ်ထားသော အသက်ထက် မငယ်စေရ။

(ဂ) အသက် ၁၂ နှစ် မှ ၁၄ နှစ် အတွင်းရှိ ကလေးသူငယ်သည် ဘေးအန္တရာယ်မရှိသည့်အပြင် ကျန်းမာရေးကို ထိခိုက်မှုမရှိနိုင်သည့် ပေါ့ပါးသော လုပ်ငန်းများတွင် ကျောင်းပညာရေးကို ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းပညာရေးကိုဖြစ်စေ၊ ထိုကလေးသူငယ်၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်စေ မထိခိုက်စေပါက အလုပ်လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော အသက်ထက်ပို၍ကြီးသည့် ကလေးသူငယ်သည် ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအလုပ်ကို လုပ်ကိုင်နိုင်စွမ်းရှိပါက တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ အလုပ်လုပ်ကိုင်ခွင့်ရှိသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## လမ်းရေိယာအတွင်းရောက်နေသည့် မီးတိုင်များကို တိုင်သစ်ပြောင်းရွှေ့စိုက်ထူမည်



**မကွေး ဇူလိုင် ၁၆**

မကွေးမြို့ ပင်မလမ်းများ၌ လမ်းတိုးချဲ့ခြင်းကြောင့် မူလက လမ်းဘေးတွင်ရှိရာမှ လမ်းဧရိယာအတွင်းသို့ ရောက်ရှိနေသော လျှပ်စစ်မီးတိုင်များကို တိုင်အသစ်များနှင့် လဲလှယ်ကာ လမ်းဧရိယာနှင့် လွတ်ကင်းရာသို့ ဩဂုတ်လအတွင်းမှစ၍ ပြောင်းရွှေ့စိုက်ထူသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

အစိုးရသစ်လက်ထက်တွင် မကွေးမြို့ရှိ ပင်မလမ်းများဖြစ်သော ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာလမ်း၊ အထက(၁)လမ်း၊ တောင်တွင်းလမ်း၊ မဲထီးလမ်းနှင့် ဆေးရုံလမ်းတို့ကို လမ်းအကျယ်ချဲ့ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးနောက် ယခင်က လမ်းဘေးရှိ လျှပ်စစ်မီးတိုင်များမှာ ယခုအခါ လမ်းဧရိယာအတွင်း ကျန်နေခဲ့ခြင်းဖြစ်၍ ယာဉ်အန္တရာယ်မဖြစ်ပွားစေရန်အတွက် လမ်းဧရိယာနှင့် လွတ်ကင်းရာတွင် တိုင်အသစ်များစိုက်ထူပြီး ဓာတ်အားလိုင်းများကို ပြောင်းရွှေ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းရွှေ့စိုက်ထူရမည့် လျှပ်စစ်မီးတိုင်များမှာ တောင်တွင်းလမ်းတွင် ၉၇ တိုင်၊ အထက(၁)လမ်းတွင် ၁၅၄ တိုင်၊ ပြည်တော်သာလမ်းတွင် ၁၂၁ တိုင်၊ မဲထီးလမ်းတွင် ၃၆ တိုင်၊ ဗိုလ်ချုပ်လမ်းတွင် တိုင် ၆၀ နှင့် ဆေးရုံလမ်းတွင် ၅၂ တိုင်တို့ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းအတွက် ကျပ် ၁၅၁ ဒသမ ၉၃ သန်း ကုန်ကျမည်ဟု ခန့်မှန်းတွက်ချက်ထားပြီး လက်ရှိအချိန်တွင် တင်ဒါများခေါ်ယူထားရှိကာ ဩဂုတ်လအတွင်း လုပ်ငန်းစတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းက ပြောသည်။

ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ချိန်တွင် အပိုင်းလိုက်ဓာတ်အားဖြတ်တောက်၍ ဆောင်ရွက်ရမည်ဖြစ်၍ အချိန်ပိုင်း ဓာတ်အားပြတ်မှုများ ရှိနိုင်သည့်အတွက် မကွေးမြို့ပေါ်ရှိ ပြည်သူများအနေဖြင့် သိရှိနားလည်ပေးနိုင်ရန် လျှပ်စစ်မီးပျက်ချိန်များကို ရပ်ကွက် နယ်မြေအတွင်း အသံချဲ့စက်ဖြင့် အသိပေးကြေညာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

**ကျော်ဇေယျ**

## ကျေးလက်အချို့၌ ခရီးသွားလာရေးတွင် ရေလမ်းကိုသာ အားထားနေရဆဲဖြစ်

**ဖျာပုံ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခင်က ကားလမ်းမပေါက်သည့် မြို့နယ်များနှင့် အချို့ကျေးရွာများသို့ မြစ်ကူးတံတားနှင့်ချောင်းကူးတံတားများ တည်ဆောက်ကာ လမ်းများဖောက်ပေးသဖြင့် ကုန်းလမ်းဖြင့်သွားလာရေး အဆင်ပြေလာသော်လည်း အချို့သော ကျေးလက်ဒေသများမှာ ရေလမ်းကိုသာ အဓိက အားထားနေရဆဲဖြစ်ကြောင်း သိရသည်။

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များအနက် ဖျာပုံ၊ ဒေးဒရဲနှင့် ဘိုကလေးမြို့နယ်များသည် ပင်လယ်ပြင်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိခြင်း၊ မြစ်ချောင်းများ ဝန်းရံနေခြင်းတို့ကြောင့် အချို့ကျေးရွာများမှာ အာဏာပိုင်ရုံးစိုက်ရာ ခရိုင်နှင့် မြို့နယ်ရုံးများသို့ နေ့ချင်းသွားရောက်နိုင်သည့် အခြေအနေမျိုးပင် မရှိသေးဘဲ ပဲ့ထောင်ရေယာဉ်နှင့် မော်တော်ငယ်များဖြင့် ညအိပ်ခရီး သွားလာနေရဆဲဖြစ်သည်။

ဖျာပုံမြို့နယ်နှင့်နီးသော်လည်း ကားလမ်းမပေါက်သေးသည့် အလန်းဖလွတ်ကျေးရွာမှ ဝန်ထမ်းတစ်ဦးက ၎င်းတို့ကျေးရွာမှ ဖျာပုံသို့သွားလိုလျှင် ည ၁၂ နာရီကတည်းကပင် မော်တော်၊ ရေယာဉ်ထဲသို့ ဆင်းနေရကြောင်း၊ ရေတက်ရေကျကြည့်ပြီး မော်တော် ထွက်ရသဖြင့် ရွာကိုပြန်လျှင်လည်း အချိန်မတော်မှ ပြန်ရောက်တတ်ကြောင်း အခက်အခဲကို ပြောပြသည်။ **အောင်ဝင်း(ဖျာပုံ)**



## ရော်ဘာပင် ရောဂါပိုးမွှားနှိမ်နင်းခြင်း နည်းပညာပေးဆွေးနွေး

**ဘားအံ ဇူလိုင် ၁၆ -** ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်ကလေးကျေးရွာရှိ ရော်ဘာစိုက်တောင်သူများအနေဖြင့် မိုးရာသီကာလတွင် ရော်ဘာပင်များ၌ ဖြစ်ပွားတတ်သော ရောဂါများ၊ ပိုးမွှားကျခြင်းများကို ကာကွယ်နိုင်ရန်အတွက် အသိပညာပေးဆွေးနွေးပွဲကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁၂ ရက်က အဆိုပါကျေးရွာရှိ ဦးအိုင်းမွန်၏ရော်ဘာခြံ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် သီးနှံကာကွယ်ရေးဌာနခွဲမှ ပညာရှင် ဦးအောင်ထိုက်ဦးက မိုးရာသီတွင် အစေးခြစ်ခြင်းရပ်နားသင့်ကြောင်း၊ သုံးစွဲသင့်သည့်ဆေးအမျိုးအစား၊ ဆေးနှုန်းထားများ၊ ဆေးသုံးစွဲစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ပြည်ပဈေးကွက်အထိ ထိုးဖောက်လာသည့် နှမ်းသီးနှံ



သတင်း- မောင်ကျော်ကြီး၊ ဓာတ်ပုံ- သက်ထက်

နှမ်းသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာသည့်အတွက် တောင်သူများ အလွယ်တကူစိုက်ပျိုးနိုင်ခြင်းကြောင့် လက်ရှိစိုက်ပျိုးနေသော ဆီထွက်သီးနှံများတွင် စိုက်ဧရိယာအများဆုံး ၅၀ ရာခိုင်နှုန်းရှိသည့် သီးနှံဖြစ်ပြီး အဓိကအားဖြင့် စစ်ကိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးလျက်ရှိသည်။

ကယားပြည်နယ်၏ လက်ရှိရာသီဥတု အခြေအနေမှာ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၅ လက်မနှင့် ၄၅ လက်မကြားရွာသွန်းလျက်ရှိပြီး အပူချိန်အားဖြင့် ၂၀ ဒီကရီစင်တီဂရိတ်မှ ၃၀ ဒီကရီစင်တီဂရိတ်တွင် ကျရောက်နေသဖြင့် နှမ်းသီးနှံအောင်မြင်နိုင်သည့် ရာသီဥတုအခြေအနေ ဖြစ်သည်။

ယခုနှစ်တွင် မိုးကောင်းနိုင်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားသော်လည်း ကယားပြည်နယ်အနေဖြင့် တောင်ယာများတွင် အဓိကစိုက်ပျိုးသဖြင့် မိုးများမှုကြောင့် ပျက်စီးဆုံးရှုံးမှုနည်းသည့် အခြေအနေဖြစ်သည်။ နှစ်နှစ်ဆက်တိုက် နှမ်းဈေးကျဆင်းခဲ့ခြင်းကြောင့် ယခုနှစ်နှမ်းပေါ်ချိန်ဈေးကောင်းရရှိရေးကို တောင်သူများ မျှော်လင့်နေကြသည်။

"ပြည်ပကို တင်ပို့နေတဲ့ နှမ်း ၇၀ ရာခိုင်နှုန်းက တရုတ်နိုင်ငံဖြစ်ပါတယ်။ ယခုအခါ နိုင်ငံပေါင်း ၁၂ နိုင်ငံအထိ ဈေးကွက်ထိုးဖောက်တင်ပို့မှုအနေနဲ့ တစ်နှစ်တန်ချိန် တစ်သန်းနီးပါးရှိလာပြီး EU ကလည်းအရည်အသွေးမီရင် ဝယ်ယူဖို့ရှိပါတယ်။ လယ်ယာကဏ္ဍပို့ကုန်တွေမှာပိုးသတ်ဆေးနဲ့ ဓာတုကြွင်းကျန်တွေကြောင့် ငြင်းပယ်ခြင်းတွေ ကြုံတွေ့နေရပါတယ်၊ သဲတွေနဲ့ကျောက်ခဲတွေ အမှုန်တွေပါလာတာကို ကုန်သည်ဘက်က သန့်စင်လို့ရပေမယ့် အပင်ထဲမှာက ပိုးသတ်ဆေးများလာမှုမရှိအောင် တောင်သူတွေက စိုက်ပျိုးနည်းစနစ်ကောင်းများ GAP ကို လိုက်နာမှသာ အရည်အသွေးကောင်းနှမ်းစေ့များ ရရှိလာပြီး ဈေးကောင်းရမှာ ဖြစ်ပါတယ်၊ GAP စနစ်ကို မြေပြင်ကစပြီး ရိတ်သိမ်းချိန်လွန်နည်းစနစ်များကိုပါ လိုက်နာဆောင်ရွက်တတ်ဖို့လိုပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ဘော်လခဲခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦးက ပြောပြသည်။

ထို့ကြောင့် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံတို့ နယ်စပ်ကုန်သွယ်မှုများ တိုးချဲ့ဆောင်ရွက်လာပါက အလားအလာကောင်းပြီး ဈေးကွက်ရရှိနိုင်သော Export သီးနှံဖြစ်ခြင်းကြောင့် မိုးနှမ်း၊ နွေနှမ်းပါမကျန် GAP စနစ်ကိုလိုက်နာခြင်းဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

## ဂျုံးမြစ်နှင့် ကြက်ဟင်းခါးသီးအခြောက် ကိုရီးယားမှ ဝယ်ယူချင်သော်လည်း တင်ပို့ရန် ခက်ခဲနေ

ဇာလင်းသူ (AMIA)

ကိုရီးယား လုပ်ငန်းရှင်များမှ ဂျုံးမြစ်နှင့် ကြက်ဟင်းခါးသီး အခြောက်ရသလောက် ဝယ်ယူလိုကြောင်း ကမ်းလှမ်းမှုများ ရှိနေသော်လည်း လက်တွေ့တွင် အချိန်အတွယ် မညီမျှမှုများကြောင့် ထင်သလောက် မပို့နိုင်သေးကြောင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများက ပြောကြားသည်။

ယင်းအပြင် မြန်မာနိုင်ငံအတွင်းသုံးစွဲနေသည့် ပိဿာချိန်မှ ပေါင်ယူနစ်ပြောင်းရန် ခက်ခဲနေခြင်း၊ တစ်ကီလို သတ်မှတ်ချက် မညီခြင်း၊ မက်ထရစ်တန်ချိန်မှ ယူနစ်ကို ကျင့်သုံးမှု မတူညီမှုများကြောင့် တင်ပို့နိုင်ရေးခက်ခဲနေခြင်းဖြစ်ကြောင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူ ဦးစိုးဝင်းက ပြောပြသည်။

"အလေးချိန် သတ်မှတ်ချက်မီအောင်၊ ညီအောင် တော်တော်ကြိုးစားရဦးမယ်။ လိုသလောက် ရောင်းနိုင်ဖို့လည်း အချိန်အတွယ် မတူဘူး။ ဒါ့အပြင် ကီလိုစနစ်ကိုလည်း မပြောင်းနိုင်သေးသလို ကုန်ကြမ်းမှာ လိုသလောက်၊ မလုပ်နိုင်သေးဘူး။ သူတို့ဘက်ကို ပို့မယ့်ဂျုံးမြစ်ဆိုရင်လည်း အအေးခန်း အဆင့်မြင့်နည်းနဲ့ထားပြီး မပို့နိုင်လို့ လေလွင့်ဆုံးရှုံးမှုတွေ ရှိနေတယ်။ ဒါ့အပြင် ကိုရီးယားဘက်က အပင် ပိုးမွှားကင်းစင်ဖို့ကိုလည်း အခြားနိုင်ငံတွေကဲ့သို့ စိစစ်တယ်။ စည်းကမ်းကြီးတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

သစ်သီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အဆင့်မြင့် အအေးခန်းများ တည်ဆောက်ရန် ငွေကြေးလိုအပ်ချက်များရှိနေခြင်းကြောင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးသင့်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းအနေဖြင့်လည်း ရောင်းချရန်နေရာ တစ်နေရာရရှိရန် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## နိုင်ငံပေါင်း ရှစ်နိုင်ငံမှာ စီးပွားရေးသံမှူးထားရှိပြီး လယ်ယာပို့ကုန် ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်နေ

ဇာလင်းသူ (AMIA)

စီးပွားရေးသံမှူးများ စေလွှတ်ပြီး လယ်ယာပို့ကုန်များ ခိုင်မာသည့် ဈေးကွက်ရှိလာအောင် နိုင်ငံပေါင်း ရှစ်နိုင်ငံကို သက်ဆိုင်ရာ နိုင်ငံအလိုက် ဈေးကွက်ရရှိရန်နှင့် ထောက်လှမ်းမှုများ လုပ်ဆောင်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အမြဲတမ်း ကိုယ်စားလှယ်တစ်ဦးနှင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံနိုင်ငံတို့ကို စီးပွားရေးသံမှူးများ စေလွှတ်ပြီး စီးပွားရေးသံမှူးများက သက်ဆိုင်ရာနိုင်ငံအလိုက် ဈေးကွက် အခြေအနေများကို စုံစမ်းထောက်လှမ်းခြင်းနှင့် ဈေးကွက်ရရှိရန် ဆွေးနွေးနေခြင်းဖြစ်သည်။

"အီးယူနိုင်ငံတွေကလည်း လယ်ယာပို့ကုန်အလိုက် အခွန်အခ သက်သာအောင်ပေးထားတော့ လယ်ယာပို့ကုန်တွေ တိုးတက်လာဖို့ ရှိနေပါတယ်"လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

စီးပွားရေးသံမှူးများက ပေးပို့သည့် ဈေးကွက်အခြေအနေနှင့် အစီရင်ခံစာများကို ပြည်တွင်းလုပ်ငန်းရှင်များ သိရှိရန်၊ ဈေးကွက်သေချာသည့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်တွင် အချိန်နဲ့တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

## မိုးစပါး စိုက်ရာသီမှာ စပါးဆင့်ပွား မျိုးစေ့များရရှိရန် ဆောင်ရွက်မည်

ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ-ကေဇူး (AMIA)



၂၀၁၇-၁၈ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ဆင့်ပွားမျိုးစေ့အနေဖြင့် ရေမင်း၊ ဆင်းသုခ၊ မှော်ဘီ(၂)အပါအဝင် အခြားမျိုးကို ရုံးချုပ်၏စီမံမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇဟိုစိုက်ပျိုးရေးခြံ (မြန်မာ့ဆန်စပါး သုတေသန)မှ သိရသည်။

"နွေစပါး ၄၅ ဧက လုပ်ထားတယ်။ ဆင်းသုခ၊ သီးထပ်ရင်နဲ့ ရတနာတိုး စပါးတွေကို တောင်သူတွေရဲ့ လိုအပ်ချက်အပေါ် တည်ပြီး ကြားကာလမှာ ဖြည့်ဆည်းပေးနိုင်အောင်နဲ့ ရေရတဲ့အပေါ်မူတည်ပြီး စိုက်ထားတာ ရှိတယ်။ ကျွန်တော်တို့ဌာန တစ်ခုတည်း လုပ်လို့မရဘူး။ စိုက်ပျိုးရေးဌာနတွေက မိဘမျိုးစေ့ဘာတွေရမလဲ။ ကျန်တဲ့ ခြံတွေမှာရော ခွဲထုတ်ပြီး စိုက်မလားဆိုတာတွေရှိတယ်။ ဒီနှစ် ကျွန်တော့်ခြံမှာစိုက်ပေမယ့် ရာသီဥတုကြောင့် ပျက်စီးသွားရင် မျိုးစေ့ကဏ္ဍတစ်ခုလုံး အခက်အခဲဖြစ်မှာကြောင့် ခြံတွေ မျှချတာမျိုးရှိတယ်။ တောင်သူတွေရဲ့ လိုအပ်ချက်ကလည်း များနေတာကြောင့် ပြောခဲ့တဲ့မျိုးစေ့ သုံးမျိုးက ပြောင်းလဲမှုမရှိ နိုင်ဘူးလို့ ယူဆတယ်" ဟု မြန်မာ့ဆန်စပါးသုတေသနမှ ဒုတိယ ညွှန်ကြားရေးမှူးဦးအေးချစ်က ပြောကြားသည်။

"ရန်ကုန်မြောက်ပိုင်းခရိုင်က ဆင်းသုခနဲ့ သင့်တော်တယ်ဆိုပေမယ့် အခြားနေရာတွေမှာ ရွှေဝါထွန်းဖြစ်ချင်ဖြစ်နေမယ်။ တချို့နေရာတွေမှာ မှော်ဘီ (၂) ဖြစ်နေမယ်။ လက်ရှိမှာတော့ မပြောင်းလဲနိုင်သေးဘူး။ ပြောင်းလဲနိုင်တဲ့ နေရာတော့ရှိမယ်။ ဒါပေမယ့် လက်ရှိစိုက်ပျိုးနေတဲ့ လမ်းကြောင်းနဲ့ ကျွန်တော်တို့ သွားနေတဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်မှု လမ်းကြောင်း ကိုက်ညီတဲ့ဟာမျိုးဆိုရင် လုပ်လို့ရတယ်။ သူတို့စိုက်ချင်တဲ့မျိုးသည် ပြောင်းသွားပြီး ကျွန်တော်တို့မျိုးစေ့ ထုတ်လုပ်မှု မရှိသေးဘူးဆိုရင် အနည်းဆုံး လေးနှစ်၊ ငါးနှစ်လောက် အချိန်စောင့်ရတယ်။ မိဘ မျိုးစေ့ကစလို့ အစအဆုံးပြန်လုပ်ရမှာ ဖြစ်တာကြောင့် ကြာနိုင်ပါတယ်" ဟု ဆန်စပါးပညာရှင် ဦးထွန်းဦးက ပြောကြားသည်။

ဆန်စပါးများ စိုက်ပျိုးရာတွင် မျိုးစေ့အပိုင်းမှာ အရေးကြီးလှပြီး ပြည်တွင်းစားသုံးဆန်နှင့် ပြည်ပတင်ပို့ဆန်ဟူ၍ ခွဲခြားစိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားမှ လိုအပ်သည့်ဆန်များ ထုတ်လုပ်တင်ပို့လာနိုင်မည် ဖြစ်ပြီး ပုဂ္ဂလိက မျိုးစေ့ကုမ္ပဏီများကလည်း အရည်အသွေးမြင့်မျိုးစေ့ရရှိရန် အကောင်အထည်ဖော်နေကြောင်း ဆန်ပို့ကုန် လုပ်ငန်းရှင်များက ပြောကြားသည်။

ဆန်စပါး မျိုးသန့် မျိုးစေ့ ရရှိသုံးစွဲနိုင်မှု မြှင့်တင်ရေး စီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပြုလုပ်မည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

## သစ်သီးဝလံအချို့ ထွက်ရှိချိန်၌ တင်သွင်းခွင့်မပြုဘဲ ကျန်ကာလများတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းခွင့်ပြုထား

ဇာလင်းသူ (AMIA)

ပြည်ပနိုင်ငံများမှ သစ်သီးဝလံအချို့ကို ပြည်တွင်းရှိ သစ်သီးများ ထွက်ရှိချိန်တွင် တင်သွင်းခွင့်မပြုဘဲ ကျန်ကာလများတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းခွင့်ပြုထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

နဂါးမောက်သီးနှင့် ဆန်းကစ်သီးများကို ပြည်တွင်း ထွက်ရှိချိန် ဖြစ်သည့် အောက်တိုဘာလမှ ဇန်နဝါရီလအထိ တင်သွင်းခွင့်မပြုကြောင်း ၊ လိမ္မော် (လိမ္မော်သီးသေး) နှင့် ပျားလိမ္မော်များကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူအသင်း၏ ထောက်ခံချက်အရ တစ်နှစ်ပတ်လုံး တင်သွင်း ခွင့်ပြုထားကြောင်း သိရသည်။

"သစ်သီး အများစုကို တရုတ်နဲ့ ထိုင်းဘက်က အများဆုံး တင်သွင်းတယ်။ ပြည်တွင်းက သစ်သီးတွေဟာ ထုတ်ပိုးမှုကနေ ဓာတုဆေးဝါး သုံးစွဲတဲ့အထိ ပြည်ပက သစ်သီးနဲ့ မယှဉ်နိုင်ဘူး ဖြစ်နေပါတယ်။ ဒီလို တင်သွင်းခွင့်ကြားလ ပိတ်ထားတော့ မြန်မာ့သစ်သီးဈေးကွက်ကို ထိန်းပေးရာ ရောက်လာတယ်"ဟု မူဆယ် သစ်သီးကုန်သည် ဦးဘိုနိုင်က ပြောသည်။

သစ်သီးများ တင်ပို့ရာ၌ အပင်တွင်ကျရောက်သော ပိုးမွှားရောဂါနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းစသည်တို့ကို စစ်ဆေးပြီးမှ သက်ဆိုင်ရာနိုင်ငံ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှ အဆိုပါ နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုကြောင်း သို့ရာတွင် မြန်မာနိုင်ငံမှ တင်ပို့သော သစ်သီးများကို တင်းကျပ်စွာစိစစ်လျက်ရှိကြောင်း ၊ ထိုင်းနှင့် တရုတ်တို့မှ သစ်သီးဝလံများကို အများဆုံး တင်သွင်းစားသုံးသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံပါဝင်နေခြင်းကြောင့် ကိုယ့်တိုင်းပြည်အတွင်း၌ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများကို နည်းပညာ၊ ငွေကြေးအကူအညီအထောက်အပံ့များပေးပြီး ထုတ်လုပ်မှု တိုးမြှင့်ခြင်း၊ ပြည်ပတင်ပို့ရောင်းချခြင်းကို စနစ်တကျ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်နေသည်ဟု ပြောသည်။

" အရင် ဘဏ္ဍာနှစ်တုန်းကလည်း ဖရဲ၊သခွား၊ သရက် ပို့ကုန်တွေ တိုးတက်လာတယ်။ သရက်က အခြားသီးနှံတွေထက် ပိုပို့လာနိုင်တယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

မြန်မာ့သစ်သီး ဈေးကွက် ကောင်းမွန်လာစေရန် ဈေးကွက်ရှာဖွေရေးအပြင် ထိုင်းနှင့် တရုတ်နိုင်ငံဘက်မှ တရားမဝင်ဝင်ရောက်လာမှုများကို ကြပ်မတ်ပေးစေလိုကြောင်း၊ မြန်မာ့သစ်သီးဝလံများ ပြည်ပတင်ပို့ရာတွင် တင်းကျပ်စွာ စိစစ်ခံနေရခြင်းများကိုလည်း နည်းလမ်းတကျဆောင်ရွက်ပေးသင့်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး မူဝါဒအနေဖြင့် ပြည်တွင်း ဈေးကွက်တွင် ရောက်နေသောသစ်သီးဝလံများကို စနစ်တကျစစ်ဆေးအတည်ပြုပြီးမှ တင်သွင်းခွင့်ပြုသင့်ကြောင်း၊ သွင်းကုန်အရ သတ်မှတ်ထားသော အခွန်အခများပေးဆောင်စေပြီးမှသာ တင်သွင်းခွင့်ပြုသင့်သည်ဟု သစ်သီးကုန်သည်များက ပြောကြားသည်။

၂၀၁၆-၁၇တွင် မြန်မာ့သစ်သီးဝလံကဏ္ဍမှ တန်ချိန်တစ်သန်းကျော် ပြည်ပဝင်ငွေ ကန်ဒေါ်လာသန်း ၁၇၀ကျော် ရရှိခဲ့ကြောင်း သိရသည်။

# ကုန်သွယ်မှုဖွံ့ဖြိုးရေးနှစ်လတ်စီမံကိန်းဆောင်ရွက်ခြင်းဖြင့် လယ်ယာဈေးကွက်ခိုင်မာလာမည်

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**



မြန်မာနိုင်ငံ ပို့ကုန်လုပ်ငန်းများ၏ အခက်အခဲများ၊ စိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှစ်လတ်စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍဈေးကွက်ခိုင်မာလာတော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းရရှိသည်။

လက်ရှိ လယ်ယာပို့ကုန်အဖြစ် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ပင်လယ်ရေကြောင်းမှ တင်ပို့ရာတွင် ဆိပ်ကမ်းများ၌ အခက်အခဲများရှိနေကြောင်း အထူးသဖြင့် ဆန်ကုန်သည် အသင်းများ၏ ပြောပြချက်အရ ရန်ကုန်မြို့တွင်းတွင် ကွန်တိန်နာကားများကို နေ့ခင်းဘက်မသွားရဘဲ ည ၇ နာရီမှ စတင်၍ သွားလာရသည့်အတွက် ကုန်တင်၊ ကုန်ချလုပ်ငန်းများ တွင်ကျယ်မှု မရှိခြင်း၊ ဆိပ်ကမ်းရောက်လျှင်လည်း ကွန်တိန်နာ အားလုံးရောက်ရှိသော်လည်းMACCS စနစ်ဖြင့် File Run ၍မရသဖြင့် နောက်နေ့နံနက်ရောက်မှသာFile Run ရခြင်း စသည်တို့ကြောင့် အချိန်အားဖြင့် ၁ ရက်မှ ၃ ရက်အတွင်း ကြာခြင်း၊ သယ်ယူခအနေဖြင့်လည်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၀ မှ ၁၅ ကြား ပိုမိုကုန်ကျခြင်း၊ တစ်ဖက်နိုင်ငံသို့ သင်္ဘောလိုင်းများကို ခုနစ်ရက်ကြိုတင်ပြီး ချိတ်ဆက်ရသည့် အတွက် ကွန်တိန်နာတစ်စီးလျှင်နှစ်ရာခိုင်နှုန်းပိုမိုကုန်ကျခြင်း၊ အချိန်နှင့် လုပ်အားခ ပိုမိုကုန်ကျ၍ တခြားနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်ရာတွင် ရောင်းအားကျဆင်းခြင်းအစရှိသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေရသည်ဟု သိရသည်။

ပုဂ္ဂလိကကဏ္ဍ တိုးတက်လာစေဖို့ နှစ်လတ်စီမံကိန်းကို နေပြည်တော်မှာ ပွဲလုပ်ပြီးချပြထားပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်မှာပါရှိတဲ့ မဏ္ဍိုင်ငါးရပ်မှ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ (Promoting Trade and Investment) ဖွဲ့စည်းထားပြီးတော့ လုပ်ငန်းစဉ်တွေ ထိရောက်အောင် ဆောင်ရွက်နေပါတယ်'' ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ ဆိပ်ကမ်းများ ကျပ်လျက်ရှိခြင်းကြောင့် ကုန်စည်သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်လျက်ရှိခြင်း၊ သွင်းအားစုများ၏ ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များ မထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ်တည်မှီနေရခြင်း၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်းစသည့်အချက်များ ပြုပြင်နိုင်ရန် ရေရှည်နည်းလမ်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်း လယ်ယာပို့ကုန်လုပ်ငန်းရှင် ဒေါက်တာမြတ်မင်းက ပြောသည်။

''လုပ်ငန်းရှင်တွေရဲ့အကြံပြုချက်တိုင်းမှာလည်း သယ်ယူစရိတ်လျှော့ချပေးဖို့ အဓိက တောင်းဆိုထားပါတယ်။ သယ်ယူစရိတ်ကတစ်နှစ်ကို ၃၀ ရာခိုင်နှုန်းလောက် တိုးတက်လာတယ်။ ဒီပိုင်းမှာ လုပ်ငန်းရှင်တိုင်း မနိုင်တဲ့ဝန် ထမ်းနေရတာပေါ့။ ဒီအချက်တွေကို ပြောင်းလဲဖို့ ဖြေလျှော့ပေးဖို့ ဒါတွေကို နှစ်လတ်မှာ ပါဝင်လာတယ်'' ဟုပြောသည်။

လယ်ယာထွက်ကုန် တင်ပို့မှုသည် အခြားသော ပို့ကုန်များထက် တစ်နှစ်လျှင် ၂၆ရာခိုင်နှုန်း ကျော်ပို၍ တင်ပို့နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးစာရင်းများအရ သိရသည်။

## တရုတ်နိုင်ငံကို ဆန်တန်ချိန် လေးသိန်း ကိုတာစနစ်နဲ့ ပို့နိုင်အောင် တောင်းဆိုထား

**ဇာလင်းသူ (AMIA)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံကို ဆန်တန်ချိန် လေးသိန်း ကိုတာစနစ်ဖြင့်ပို့နိုင်အောင် တောင်းဆိုထားကြောင်း သိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရုတ်ဘက်တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးမှုတိုင်းတွင် ထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်ပြီး နယ်စပ်မှ ဆန်တန်ချိန်နှစ်သိန်း၊ ပင်လယ် ရေကြောင်းမှ ဆန်တန်ချိန် နှစ်သိန်းကိုသတ်မှတ်ထားသည့် အခွန်ကင်းလွတ်ခွင့်များပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

''အခွန်ကင်းလွတ်ခွင့်က အမျိုးမျိုးရှိတယ်။ အရင်က ဆန်တန်ချိန်တစ်သိန်း ကိုတာရတာကလည်း နှစ်ပြည့်သွားပါပြီ။ ပို့ရင်တော့ဆန်စပါးအသင်းချုပ်ကနေ စာချုပ်ချုပ်တာလုပ်မှာပေါ့'' ဟု စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါသည်။

''ဒါ့အပြင် တရုတ်ဘက်ကို ပို့တဲ့ ဆန်၊ပြောင်း အစရှိတာတွေကို တရားဝင်အနေနဲ့ပို့နိုင်ဖို့ ဆွေးနွေးမှုတွေ လုပ်ထားတယ်။ ကိုတာစနစ်နဲ့ သူတို့ဘက်က လက်ခံရင်ဆန်တင်ပို့တဲ့အခါ အခွန်က ၁၄ ရာခိုင်နှုန်းလောက်သက်သာမှာ ဖြစ်ပါတယ်။ အရင်ကတရုတ်ဘက်ကနေ ကိုတာစနစ်နဲ့ ဆန်တန်ချိန် တစ်သိန်းပို့ပေးဖို့ သတ်မှတ်ပေးထားတယ်။ ဒါ့ကြောင့် အခုတရားဝင်တောင်းတာဖြစ်တယ်။ နောက်ပြီး ဆန်ကို ကိုတာစနစ်နဲ့ တရုတ်နိုင်ငံရဲ့ ပြည်နယ်အစိုးရကနေ ပေးတာမဟုတ်ဘဲ ဗဟိုအစိုးရကနေ ပေးဖို့ တောင်းဆိုထားတယ်။ ကိုတာမရဘဲ တင်ပို့တဲ့ကုန်စည်ဆိုရင် ပုံမှန်အခွန် အခတွေအနေနဲ့ ၅၀ ရာခိုင်နှုန်းကနေ ၆၅ ရာခိုင်နှုန်းလောက် ပေးနေရတာ တော့ ကုန်သည်တွေအနေနဲ့ မတရား အခွန်ဆောင် နေရလို့ မပို့နိုင်ဘူးဖြစ်နေတယ်'' ဟု မူဆယ်ဆန်ကုန်သည် ဦးဟန်သာဦးက ပြောပါသည်။

## ဒေသပေါက်ရွှေနီနွားကောင်ရေ ၅၀၀ ကျော်အတွက် ဈေးကွက်ကောင်းများရရန် လိုအပ်လျက်ရှိ

မကွေးတိုင်းဒေသကြီးစလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့မှ တောင်သူဦးအောင်နိုင်ဦး၏ တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံ၌ စီးပွားဖြစ် ဒေသရွှေနီနွားမျိုးအကောင် ၅၀၀ကျော် မွေးမြူထားပြီ အဓိကဈေးကွက်လိုအပ်ချက်ရှိနေကြောင်း သိရသည်။

ကိုင်းမြေ(မြေနုကျွန်းမြေစာရင်းပေါက်ဆဲ) ခြံမြေအကျယ်အဝန်း ၁၀ ဧကပေါ်တွင် ဒေသပေါက်ရွှေနီနွားအကောင်ရေ ၅၀၀ ကျော်နှင့် မြင်း ၁၅ ကောင်တို့ကို မွေးမြူထားပြီး စိုက်ပျိုးမြေအကျယ် ဧက ၃၀ ခန့်နှင့် တွဲဖက်ကာ နွားစာဘေးထွက်ရသော ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးပြီး အဆိုပါ တိရစ္ဆာန်များကို ခြံလှောင်နှင့် လွှတ်ကျောင်းစနစ်တို့ အသုံးပြုကာ မွေးမြူထားရှိကြောင်း သိရသည်။

အဆိုပါမြင်းနှင့်နွားအကောင် ၅၀၀ ကျော်အတွက် အစာနှင့်ရေများကျွေးမွေးနိုင်ရေးအတွက် နေ့စဉ်ပျမ်းမျှကုန်ကျစရိတ် ငွေကျပ်တစ်သိန်းခန့် အကုန်အကျခံကာ အမြဲတမ်းလုပ်သား ၁၀ ဦးခန့် အသုံးပြုနေရကြောင်း သိရသည်။

ယခုလက်ရှိအချိန်တွင် တောင်သူများအနေဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးစနစ်ဖြင့်သာမွေးမြူခဲ့ခြင်းဖြစ်သော်လည်း အကောင်ရေအားဖြင့် ပွားများလာခြင်း၊ ဈေးကွက်ထိုးဖောက်ရန်အတွက် လွတ်လပ်စွာကူးသန်းရောင်းဝယ်နိုင်ခွင့်နှင့် ရသင့်ရှိသင့်သော ဈေးကွက်လိုအပ်ချက်များ၊ မွေးမြူခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ နှစ်မြစ် ရေဖုံးလွှမ်းခဲ့မှုခံရသဖြင့် ခြံဆောက်ရာ ကုန်းမြေကို ထပ်မံမြှင့်တင်ရန်အတွက် ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်လိုအပ်ချက်များရှိလာနေပြီဖြစ်သည်။

လက်ရှိတွင် သင်းကွပ်ပြီးခိုင်းနွားထီးကိုသာ ရောင်းချကုန်ထုတ်နေပြီး ဆက်လက်တိုးချဲ့မွေးမြူရန်ဆန္ဒရှိသဖြင့် နိုင်ငံတော်မှ သွင်းအားစုအထောက်အပံ့(သို့မဟုတ်) နှစ်ရှည်ချေးငွေလိုအပ်နေကြောင်း သိရသည်။ နွားမွေးမြူရေးသည် နှစ်ရှည်လုပ်ငန်းဖြစ်ပြီး မွေးမြူရေးသာမက နွားစာစိုက်ပျိုးရေးပါ တွဲဖက်လုပ်ကိုင်ရသည့်အတွက် သွင်းအားစုများလိုအပ်လာပြီဖြစ်သည်။ မြေနှင့်ခြံများစသည့်သင့်တော်သော အခြေခံကောင်းများတည်ရှိပြီးဖြစ်၍ နွားများရောင်းချရန်ဈေးကွက်မှာလည်းအဓိကလိုအပ်ချက်ဖြစ်လာကြောင်းသိရသည်။ **သတင်း- ဇင်ဦး(မြန်မာ့အလင်း) ဓာတ်ပုံ- သီဟစည်သူ**



## တစ်ပတ်အတွင်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် လယ်ယာထွက်ကုန် သီးနှံ ဈေးနှုန်းများ

**ကေဇူး (AMIA)**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့က တနင်္လာနေ့ကနေ သောကြာနေ့အထိ နေ့စဉ် ဈေးအကျနဲ့ ရှိနေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံ ဆက်တိုက်ကျဆင်း**

မတ်ပဲကတော့ တနင်္လာနေ့ကနေ သောကြာနေ့အထိ နေ့စဉ် တရိပ်ရိပ်နဲ့ဈေးကျလာပြီး တစ်ပတ်အတွင်းတစ်တန်ကို ငွေကျပ် ၄၀၀၀၀ လောက် ဈေးကျသွားပါတယ်။

တနင်္လာနေ့က မတ်ပဲတစ်တန်ကို ငွေကျပ် ၈၄၈၀၀၀ ရှိခဲ့ရာက သောကြာနေ့မှာတော့ ၈၀၆၀၀၀ ပေါက်ဈေးရှိပါတယ်။

အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတာဖြစ်တဲ့အတွက် လက်ရှိ အိန္ဒိယမှာလည်း မတ်ပဲအဝင်တွေများနေပြီး မတ်ပဲက ဆက်လက်ဈေးအေးနိုင်တယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

**ပဲစင်းငုံ ဈေးပုံမှန်**

ပဲစင်းငုံကတော့ တစ်ပတ်အတွင်းဈေးအနည်းငယ်ကျဆင်းသွားပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။

ဒီရာသီမှာ ဈေးအေးတတ်ပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒီနှစ်အတွင်းမှာ အိန္ဒိယကို တင်ပို့တဲ့ ပဲဈေးနှုန်းတွေက ဆိုးဆိုးရွားရွား ကျဆင်းမှာ မဟုတ်ဘူးလို့ မြန်မာကုန်သည်တွေက သုံးသပ်ပါတယ်။

**စီပီပြောင်း ဈေးကောင်းရ**

လားရှိုး၊ ကျောက်မဲ၊ နောင်ချိုနဲ့ သီပေါ ဒေသတွေမှာ စီပီပြောင်းတွေ စတင်ထွက်လာပြီး တစ်ပိဿာကိုငွေကျပ် ၄၈၀ ကနေ ၅၅၀ ဆယ်ကြား အရောင်းအဝယ်ဖြစ်နေပါတယ်။

လားရှိုး-မူဆယ်ကနေ တရုတ်နိုင်ငံကို တင်ပို့နေပြီး မနှစ်ကထက်ပြောင်းဈေးကောင်းတယ်လို့ ဒေသခံတွေကပြောပါတယ်။

**ကြက်သွန်ဖြူ (တောင်ကြီး အောင်ပန်း)**

အောင်ပန်း၊ တောင်ကြီး၊ ကလောဒေသထွက် ကြက်သွန်ဖြူကတော့ ဈေးအနည်းငယ်တက်လာပါတယ်။

တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ကနေ ၃၈၀၀ ကြားအရောင်းအဝယ်ဖြစ်ပြီး တစ်ပတ်အတွင်းမှာ တစ်ပိဿာကို ငွေကျပ် ၃၀၀ လောက်ဈေးတက်လာပါတယ်။

**စားအုန်းဆီ ဈေးတက်**

မလေးရှားနိုင်ငံကနေ အများဆုံးတင်သွင်းတဲ့ စားအုန်းဆီကတော့ ဒီတစ်ပတ်မှာ တစ်ပိဿာကို ငွေကျပ် ၅၀ လောက် ဈေးတက်လာပါတယ်။

လက်ကားဈေးကွက် ကုန်စည်ဒိုင်မှာ တစ်ပိဿာကို ငွေကျပ် ၅၀ လောက် ဈေးတက်တဲ့အတွက် လက်လီဈေးကွက်မှာလည်း ဈေးမြင့်လာပါတယ်။ ဇူလိုင်လ ၁၄ ရက်နေ့မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၈၅၀ ပေါက်ဈေးရှိပါတယ်။

အာလူးဈေးက မေလနောက်ဆုံးအပတ်မှာ ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ဇွန်လပထမအပတ်ကနေစပြီး ဈေးက တဖြည်းဖြည်းကျဆင်းလာပါတယ်။လက်ရှိမှာ



မိုးတွေရွာနေတဲ့အတွက် အာလူးအရည်အသွေးပိုင်းမှာ အားနည်းနေလို့ အခုလို ဈေးတွေကျဆင်းနေတာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၁၈၀ ကနေ ၄၅၀ ရှိနေပါတယ်။

**နှမ်းနက်(စမုံ)**

နှမ်းမျိုးစုံ အသစ်ပေါ်လာပေမယ့် စမုံနှမ်းနက်ဈေးကတော့ ဒီတစ်ပတ်မှာ တစ်အိတ်ကို ငွေကျပ် ၅၀၀၀ ဈေးတက်လာပါတယ်။

အမြင့်ဆုံးတစ်အိတ်ကို ငွေကျပ် ၁၂၀၀၀၀ ရှိပြီး သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၂၅၀၀၀ အထိဈေးတက်လာပါတယ်။

**နှမ်းညို**

နှမ်းညိုကတော့ အဟောင်းရော၊ အသစ်ပါ ဈေးတည်ငြိမ်နေပါတယ်။ ဒီတစ်ပတ်အတွင်း တစ်အိတ်ကိုငွေကျပ် ၈၂၀၀၀ ကနေ ၈၇၀၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။ နှမ်းဖြူကတော့ ဈေးတက်လာတယ်ဆိုပေမယ့် လက်ရှိအချိန်အထိ တစ်သိန်းပတ်ချာလည်မှာပဲ ရှိပါသေးတယ်။ အတက်အကျ အနည်းငယ်သာ ပြောင်းလဲပြီး အတက်ဈေးနဲ့ ဈေးငြိမ်နေပါတယ်။ ဒီတစ်ပတ်မှာတော့ နှမ်းဖြူက တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ကုလားပဲလုံး**

ကုလားပဲလုံး တစ်ပိဿာကို ငွေကျပ် ၁၀၀ လောက်ဈေးတက်သွားပါတယ်။ ဘုရင့်နောင် ကုန်စည်ဒိုင်က ထုတ်ပြန်တဲ့ ပေါက်ဈေးအရ လက်ကားဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် ၁၀၀ ဈေးတက်သွားတာဖြစ်ပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၂၈၀၀ ပေါက်ဈေးဖြစ်ပါတယ်။

**နွေဆန်နဲ့ နွေသီးထပ်ဆန်တို့ ဈေးတက်**

လက်ရှိမှာ ဆန်ချောတွေက အရောင်းအဝယ်အေးပြီး ဈေးအေးနေပေမယ့် ဆန်ကြမ်းတွေကတော့ အရောင်းအဝယ်များပြီး ဈေးတက်လာနေပါတယ်။

ပြီးခဲ့တဲ့အပတ်က တစ်အိတ်ကို ငွေကျပ် ၅၀၀ တက်ခဲ့တဲ့ နွေသီးထပ်ဆန်ဟာ ဒီတစ်ပတ်မှာလည်း တစ်အိတ်ကို ငွေကျပ် ၁၀၀၀ နီးပါးဈေးတက်သွားပါတယ်။

တနင်္လာနေ့မှာ တစ်အိတ်ကို ငွေကျပ် ၁၉၅၀၀ ပေါက်ဈေးရှိပြီး သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၂၀၃၀၀ ဈေးတက်သွားပါတယ်။

# ကျွန်တော်နဲ့ အမေရိကန်ပြည်ထောင်စုအလည်အပတ်ခရီးစဉ်



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ရုံးချုပ်ရှိတဲ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ငါးနှစ်တာဝန်ယူခဲ့တယ်။ ငါးနှစ်အတွင်း နိုင်ငံရဲ့အရှေ့ဘက်ခြမ်းကို ရောက်ခဲ့တယ်။ အလယ်ပိုင်း၊ အနောက်ပိုင်းကို မရောက်ခဲ့ဘူး။ ခွင့်ရတဲ့အခါမှာလည်း မြန်မာပြည်ကိုပဲ တစ်နှစ်တစ်ခေါက် ပြန်ခဲ့တာမို့ အမေရိကန်နိုင်ငံကို နှံ့နှံ့စပ်စပ်မထိတွေ့ခဲ့ဘူး။ နေရာကလည်း ကျယ်ပြန့်လှတာမို့ ရောက်ဖို့လည်းမလွယ်လှဘူး။ သမီးရဲ့ဘွဲ့ယူအခမ်းအနားတက်ပြီး မိသားစုသုံးယောက် အပန်းဖြေခရီးထွက်ခဲ့ကြတယ်။ တူမရှိတဲ့ မီနီစိုးတားကနေတစ်ဆင့် ဇနီးရဲ့အစ်မအကြီးဆုံးရှိတဲ့ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ်စကို မြို့အနီး ဆန်ဟိုဇေးမြို့ကို လေယာဉ်ခရီးနဲ့ ထွက်ခဲ့တာ။ ခရီးမထွက်မီ ဇနီးလုပ်သူက ခြေခေါက်ပြီးဘယ်ဘက်ခြေသန်းမှာ အရိုးကျိုးသွားတယ်။ ခြေခေါက်တယ်လို့ပဲထင်ပြီး ခရီးဆက်ခဲ့တာ။ ဆန်ဖရန်စစ်စကိုမြို့ရောက်တော့ အစက တစ်ညအိပ်ဖို့ စီစဉ်ထားပေမယ့် ဇနီးရဲ့အခြေအနေကြောင့် မြို့ကိုလှည့်ပတ်ကြည့်ပြီး ညဘက်မှာ ဆန်ဟိုဇေးမြို့ကို မော်တော်ယာဉ်နဲ့ သွားခဲ့ကြတယ်။ ဟိုရောက်တော့ ဇနီးရဲ့အစ်မ အကြီးဆုံးနဲ့ ပြန်တွေ့ရတယ်။ သူနဲ့မတွေ့ဖြစ်တာလည်း အတော်ကြာသွားပြီ၊ တည်းတဲ့အိမ်က သူ့ရဲ့သမီးအိမ်။ ကျွန်တော့်ဇနီးနဲ့ အသက်သိပ်မကွာဘဲ ညီအစ်မတွေလို ဆက်ဆံကြတာ။ နောက်တစ်နေ့ တူမလုပ်တဲ့ဆေးခန်းမှာ ဓာတ်မှန်ရိုက်မှ ခြေကျိုးတယ်ဆိုတာ ကိုသိရတယ်။ ကျောက်ပတ်တီးမစီးဘဲ ခြေထောက်ငြိမ်စေတဲ့ ဖိနပ်ကို စီးပေးတယ်။ ငယ်ငယ်တုန်းက ဘောလုံးကန်ရင် အသုံး ပြုတဲ့ ခြေစွပ်ကိုလည်းဝတ်ပေးတယ်။

နောက်တစ်နေ့ ကယ်လီဖိုးနီးယားအနီးမှာ ထူးဆန်းတဲ့နေရာလို့သတ်မှတ်ထားတဲ့နေရာကို လိုက်ပို့ကြတယ်။ ဇနီးအတွက်လည်း ဘီးတပ်ကုလားထိုင်ကို စီစဉ်ပေးတယ်။ သုံးနာရီလောက်ရှိတဲ့ ခရီးထွက်ခဲ့ပြီး ပဟေဠိဖြစ်နေတဲ့ နေရာကို ရောက်ခဲ့တယ်။ အမှန်တော့ သစ်သားနဲ့သစ်ပင်တွေအကြား ဆောက်လုပ်ထားတဲ့ အိမ်တစ်လုံး။ ဒါပေမယ့် အိမ်ကခပ်စောင်းစောင်း။ အထဲဝင်လိုက်ရင် ကိုယ့်ရဲ့ကိုယ်က စောင်းနေတယ်။ လမ်းလျှောက်ရတာလည်း အဆင်မပြေလှဘူး။ လူ့အရပ်ကို တိုင်းကြည့်ပြီး နေရာပြောင်းတဲ့အခါ အရပ်နိမ့်တဲ့သူက မြင့်နေပြီး အရပ်မြင့်နေသူက နိမ့်နေတာ တွေ့ရတယ်။ ထူးဆန်းတာတော့ အမှန်ပဲ။ ဘာကြောင့် ဒီလိုဖြစ်နေတာကို သိပ္ပံနည်းနဲ့ ရှင်းမပြနိုင်တာမို့ ပဟေဠိတစ်ခုဖြစ်နေခဲ့တာ။ သုံးရက်နားပြီး ဇနီးစီစဉ်ထားသလို သုံးနေရာကိုလျှောက်လည်ဖို့ ခရီးထွက်ခဲ့ကြတယ်။

ဇနီးရဲ့ ခြေထောက်ဒဏ်ရာကြောင့် သွားဖြစ်ပါ့မလား၊ စိတ်ထဲကမရေမရာဖြစ်မိတယ်။ ဇနီးကိုထားခဲ့ပြီး သားအဖနှစ်ယောက်သွားဖို့ကလည်း အဆင်မပြေ။ သုံးယောက်စလုံး ခရီးစဉ်ဖျက်ဖို့ကလည်း သဘာဝမကျ။ နောက်ဆုံးဖြစ်ချင်ရာဖြစ်ဆိုပြီး ခရီးထွက်ခဲ့ကြတယ်။ အစက ဆန်ဟိုဇေးက မိသားစုနဲ့အတူ သွားဖို့စဉ်းစားခဲ့ပေမယ့် သူတို့မလိုက်နိုင်တာမို့ ကမ္ဘာလှည့်ခရီးစဉ် ကုမ္ပဏီတစ်ခုနဲ့အဆက်အသွယ်ရပြီး ကျန်တဲ့ခရီးသည်တွေနဲ့အတူ ယာဉ်အကြီးတစ်စင်းနဲ့ ခရီးထွက်ခဲ့ကြတယ်။ ဇနီးရဲ့ခြေထောက်အခြေအနေကြောင့် ကားပေါ်မှာလှည်းဘီးကို ယူဆောင်ခဲ့တယ်။ သူ့ကို အဆင်းအတက်ဦးစားပေးကြပါတယ်။ ညဘက်မှာ တည်းခိုခန်းတစ်ခုမှာနားပြီး၊ နောက်တစ်ရက် ပထမခရီးစဉ်ဖြစ်တဲ့ ဂိုစာမီးဟီးသစ်တောရှိတဲ့နေရာကို သွားခဲ့တယ်။ သစ်တောကြီးက ထင်းရှူးပင်တွေနဲ့၊ အပင်ကြီးတွေနဲ့အပြည့်။ သစ်ပင်ကြီးတွေကလည်း ကြီးမားလှပြီး သိပ်မြင့်တာ။ သုံးထပ်တိုက်တစ်လုံးစာ မြင့်တယ်။ သစ်တောကြိုးဝိုင်းကြီးက အကျယ်ကြီး။ တောင်ကုန်းတွေကလည်း မြင့်မားလိုက်တာ။ ကျွန်တော်တို့အဓိကကြည့်ဖို့သွားတာက ရေတံခွန်ကြီး မြင့်လိုက်တာ။ အဆင့်နှစ်ဆင့် ရှိတဲ့ရေတံခွန်။ ရေတွေမြေကြီးနဲ့ ထိတဲ့နေရာအထိ သားအဖနှစ်ယောက်သွားခဲ့တယ်။ ဇနီးလိုက်လို့ အဆင်မပြေတာမို့ သူ့ကိုနားနေစခန်းမှာ ထားခဲ့တယ်။ ရေတံခွန်ရဲ့အရှိန်ကြောင့် ရေပန်းလိုပဲ ရေတွေက လွင့်နေတာ။

သစ်တောကြိုးဝိုင်းအတွင်း နေရာအနှံ့လိုက်ပြပြီး နာမည်ကြီးလောင်းကစားမြို့တော် (Las Vegas) ကိုခရီးဆက်ခဲ့တယ်။ ညနေမှရောက်တာ။ ခရီးလမ်းမှာလည်း သဲကန္တာရကို ဖြတ်ခဲ့တယ်။ ဘယ်ကြည့်ကြည့် သစ်ပင်တစ်ပင်မှမရှိဘဲ ခြောက်ခန်းနေတာ။ ကျွန်တော်တို့တည်းတဲ့ ဟိုတယ်အနီးမှာ မန္တလေးပင်လယ်အော်ဟိုတယ်ရှိတယ်။ မန္တလေးဆိုတဲ့ စာလုံးကို ဟိုတယ်ရဲ့နံရံမှာ အဝေးကမြင်နိုင်အောင် တပ်ဆင်ထားတာ။ ကျွန်တော်တို့သုံးယောက် အထုပ်အပိုး၊ လှည်းဘီးတွေနဲ့မနိုင်မနင်း အခန်းရောက်အောင် သွားခဲ့တယ်။ ဟိုတယ်အထဲဝင်ဝင်ချင်း လောင်းကစားလုပ်နိုင်တဲ့ စက်တွေက အစီအရီ။ ရုပ်ရှင်ထဲအတိုင်း မီးတွေကလည်း ထိန်ထိန်လင်းဖဲရိုက်နေကြတာလည်း တွေ့တယ်။ အခန်းထဲခဏနားပြီး ကျွန်တော်တို့မိသားစုကားကြီးနဲ့ မြို့ထဲလည်ပတ်ကြတယ်။ မြို့ကအကြီးကြီး။ ဟိုတယ်တွေကလည်း အများကြီး။ ဟိုတယ်တစ်ခုက အခန်း ၈၀၀၀ ရှိကြောင်း ဧည့်ကြိုက ရှင်းပြတယ်။ ရေပန်းတွေကို ဂီတသံစဉ်နဲ့ကိုက်အောင် စီစဉ်ထားတာကိုလည်း ကြည့်ခဲ့ရတယ်။ တစ်မြို့လုံးက မီးထိန်ထိန်လင်းနေတာ။ အမှန်တော့ ဒီလောင်းကစား မြို့တော်ကို မာဖီးယားဂိုဏ်းတွေက စပြီးတည်ခဲ့တာ။ မြို့တော်တစ်ခုလုံးရဲ့စီးပွားရေးက လောဘကို အခြေခံပြီး တည်ဆောက်ထားတယ်။ ချက်ချင်း ချမ်းသာချင်တဲ့စိတ်က လူတိုင်းလိုလိုမှာရှိတာမို့ ဆွဲဆောင်မှုက အပြည့်။ နိုင်ငံခြားသားတွေကများသလို ပြည်တွင်းခရီးသည်တွေရဲ့ ပမာဏကလည်း မနည်းလှဘူး။ ထူးဆန်းတာက မိသားစုအလိုက် လာရောက်နေကြတာ။ ကလေးတွေပါဝင်သလို အဘိုးအဘွားတွေလည်း ပါဝင်ကြတယ်။ အားလုံးကြည့်ရတာ ပျော် ပျော်ပါးပါးပဲ။ လောင်းကစားမှရတဲ့ဝင်ငွေတွေနဲ့ တည်းခိုတဲ့နေရာတွေ၊ အစားအသောက်တွေကို ဈေးသက်သက်သာသာနဲ့ ပေးနိုင်တာတွေ့ရတယ်။ မကောင်းတဲ့ အလုပ်လုပ်နေကြပေမယ့် ပျော်ပျော်ပါးပါးပဲ။

နောက်တစ်နေ့မနက်မှာ အရီဇိုးနားပြည်နယ်မှာရှိတဲ့ ထူးခြားလှတဲ့ (Grand Canyon)ကို ခရီးထွက်ခဲ့ကြတယ်။ Grand Canyon ဆိုတာက သဘာဝအလျောက် ပေါ်ပေါက်လာတဲ့တောင်ကြောကြီးတစ်ခု။ မြစ်ရဲ့တိုက်စားမှုကြောင့် မြင့်မားလှတဲ့တောင်ကြောကြီးပေါ်လာတာ။ အင်မတန်မှ ထူးခြားလှတဲ့ သဘာဝရှုခင်း။ လူသူလုံးဝမရှိတဲ့နေရာ။ ကျွန်တော်တို့ကို အနောက်ဘက်ခြမ်းကို ပို့ပေးခဲ့တယ်။ နေရာ ဒေသက ကျယ်ဝန်းလှတာမို့ အားလုံးကို ကြည့်ဖို့အချိန်အတော်ယူရမှာ။ အနောက်ဘက်ခြမ်းမှာ ပထမရုပ်ရှင်တွေမှာ တွေ့မြင်ရတယ်။

နွားကျောင်းသားကျေးရွာကို ရောက်ခဲ့တယ်။ မြင်းတွေ၊ နွားလှည်းတွေ၊ ဈေးဆိုင်တွေက အရင်အတိုင်း တည်ဆောက်ထားတာ။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာ အပူချိန်က ၁၁၇ ရှိတာ။ စံချိန်ပဲ၊ မီးဖိုအထဲနေရသလိုပဲ။ ထူးခြားတာက ချွေးလုံးဝမထွက်ဘူး။ နေရောင်ရဲ့အရှိန်ကလည်း ပြင်းထန်တာ။ ကျေးရွာကိုကြည့်ပြီး ဒုတိယနေရာကို ရောက်ခဲ့တယ်။ ဒီမှာတော့ တောင်ကြောကြီးရဲ့ အစွန်းမှာရပ်ရင်း အဝေးကြီးမှာမြစ်ရေပြင်ကို ပျပျလေးမြင်ခဲ့ရတယ်။ ဆက်ပြီး တောင်စွန်းအပေါ်မှာ မှန်နဲ့တည်ဆောက်ထားတဲ့ လူလျှောက်လမ်းကို သွားခဲ့ကြတယ်။ မှန်ဖြစ်တာမို့ မိမိရဲ့ခြေထောက်အောက်ကို ကြည့်လိုက်ရင် တောင်ကြောကြီးတစ်ခုလုံးကိုမြင်နိုင်တာ သည်းထိတ်ရင်ဖိုပါ။ ဒါပေမယ့် တစ်သက်မှာ တစ်ကြိမ်မှ မကြုံဖူးတဲ့အတွေ့အကြုံ ဓာတ်ပုံတွေလည်း ရိုက်ဖြစ်တယ်။ နောက်ဆုံးနေရာကတော့ ခက်ခက်ခဲခဲသွားရမှာမို့ ဇနီးကို ခေတ္တထားခဲ့ပြီး သားအဖနှစ်ယောက် တောင်တက်တောင်ဆင်းခရီး သွားခဲ့တယ်။ အတော်လေး အရဲစွန့်ရတယ်။ ပင်ပန်းတယ်။ အဆိုးဆုံးက အပူချိန်နေရောင်ပြင်းလွန်းလို့ သမီးရဲ့မျက်နှာက ချက်ချင်းအနီရောင်သန်းသွားတာ။ ရှုခင်းကလည်း သာယာလှတာ၊ ကြည့်မဆုံး၊ရှုမဆုံးပါဘဲ။ အခုလို ခရီးထွက်တဲ့နေရာမှာ မူလယာဉ်ကြီးနဲ့မဟုတ်ဘဲ စခန်းက စီစဉ်ထားတဲ့ယာဉ်နဲ့ သွားခဲ့တာ။ ဇနီးသည်လှည်းဘီးတွေ့တာနဲ့ ယာဉ်မောင်းက ဦးစားပေးခဲ့တယ်။ အဆိုးထဲက အကောင်းပေါ့။ ကျွန်တော်တို့ အားရပါးရကြည့်ပြီး လောင်းကစားမြို့တော်ကို ပြန်ခဲ့ကြတယ်။ ညစာကိုတော့ ဟိုတယ်မှာပဲစားပြီး နောက်တစ်နေ့ ဆန်ဟိုဇေးမြို့ကို ပြန်ခဲ့ကြတယ်။ ကျွန်တော်တို့ရဲ့ ခရီးစဉ်ကို တွက်ကြည့်ရင် မိုင်ပေါင်းထောင်ကျော်တာ။ ဆန်ဟိုဇေးပြန်ရောက်ကာ ခေတ္တနားပြီး မီနီးစိုးတားကို ပြန်ခဲ့ကြတယ်။ တစ်ရက်နားပြီး ကျွန်တော်တစ်ယောက်တည်း ဟောင်ကောင်မြို့ကတစ်ဆင့် ရန်ကုန်ကိုပြန်ခဲ့တယ်။ လမ်းမှာချီကာဂို လေယာဉ်ကွင်းကိုလည်း ရောက်ခဲ့သေးတာ။ ကျွန်တော်တို့အနေနဲ့ အပန်းဖြေခရီးထွက်ခဲ့ပေမယ့် တစ်ဖက်က အပန်းပြေသလို တစ်ဖက်ကလည်း ပင်ပန်းလှတာ။ ခရီးကလည်းပန်း၊ ကျွန်တော့်အတွက်က အစားအသောက်က သိပ်မဆင်မပြေလှဘူး။ နိုင်ငံခြားမှာ စုစုပေါင်း နှစ်ပေါင်း ၂၀ ကျော်နေခဲ့ပေမယ့် မြန်မာအစားအသောက်ပဲကြိုက်တာ။ ထားဝယ်သားပီပီ ငါးပိမပါရင် မစားတတ်ဖူး။ သူတို့ဆီမှာ တစ်နေရာနဲ့တစ်နေရာသွားရတာ မလွယ်လှဘူး။ အငှားယာဉ်ငှားရတာ မလွယ်သလို တစ်နေရာနဲ့ တစ်နေရာကလည်းအဝေးကြီး။ ကိုယ်တိုင်ကားမောင်းမှ အဆင်ပြေတာ။ နယူးယောက်မှာတော့ မြေအောက်ရထား အငှားယာဉ်တွေနဲ့မို့ သွားရေးလာရေးက အဆင်ပြေလှတယ်။

အစစအရာရာတိုးတက်တဲ့နိုင်ငံမှာ ခရီးထွက်ရတာ အဆင်ပြေလှပါတယ်။ လိုလေသေးမရှိဘဲ ငွေရှိဖို့သာ လိုအပ်တာ။ ဘာပဲဖြစ်ဖြစ် ဒီတစ်ခေါက်ခရီးစဉ်က ပင်ပန်းပေမယ့် မိသားစုသုံးယောက်အတွက် ပျော်ရွှင်တဲ့ခရီးစဉ်တစ်ခု။သမီးနဲ့အတူ ငယ်ငယ်ကတည်းက အမြဲခရီးထွက်ခဲ့ကြတယ်။ အခုတော့ သမီးက အဖော်ရတယ်။ အမေကိုလည်း ဂရုစိုက်နိုင်တယ်။ သူ့ကို အားကိုးလို့ရတဲ့ အခြေအနေဖြစ်နေပြီး ဟိုနိုင်ငံမှာရှိတဲ့အပြော၊ အဆို၊ အနေအထိုင်ကို ယဉ်ပါးသူမို့ သူက ရှေ့တန်းကနေပြီး ဖြေရှင်းပေးခဲ့တာ။

> **နောက်တစ်နေ့ ကယ်လီဖိုးနီးယားအနီးမှာ ထူးဆန်းတဲ့နေရာလို့ သတ်မှတ်ထားတဲ့နေရာကို လိုက်ပို့ကြတယ်။ ဇနီး အတွက်လည်း ဘီးတပ်ကုလားထိုင်ကို စီစဉ်ပေးတယ်။ သုံးနာရီ လောက်ရှိတဲ့ ခရီးထွက်ခဲ့ပြီး ပဟေဠိဖြစ်နေတဲ့ နေရာကိုရောက်ခဲ့**

## အခြေခံပညာကျောင်းများရှေ့တွင် လူကူးမျဉ်းကျားများ ရေးဆွဲမည်



**သုဝဏ္ဏဝတီမြို့ ဇူလိုင် ၁၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ကျောင်းသား ကျောင်းသူကလေးငယ်များ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် အခြေခံပညာကျောင်းများရှေ့တွင် လူကူးမျဉ်းကျားများကို ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းကျောင်း (ကျိုက္ကော်)ရှေ့၌ ဇူလိုင် ၁၃ ရက် ကျောင်း ဆင်းချိန်က ရွှေသံလွင်ကုမ္ပဏီမှ ဝန်ထမ်းများက ရေးဆွဲလျက်ရှိသည်။ သထုံမြို့ ဘက်မှစ၍ ကျိုက်ထိုမြို့အထိ ကားလမ်းမဘေးတွင်ရှိနေသည့် အခြေခံပညာကျောင်းများ၏ရှေ့တွင် လူကူးမျဉ်းကျားများကို ကုမ္ပဏီက ဦးဆောင်ပြီး ရေးဆွဲ သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ ကြီးကြပ်သူတစ်ဦးက ပြောသည်။

ရန်ကုန် - မော်လမြိုင် အဝေးပြေးလမ်းမကြီး ကောင်းမွန်လာသည်နှင့်အမျှ ယာဉ်မဆင်မခြင် မောင်းနှင်မှုများကြောင့် ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင် မြို့နယ်များတွင် အဆိုပါ အဝေးပြေးလမ်းမကြီးပေါ်၌ မကြာခဏ ယာဉ်မတော်တဆမှုများဖြစ်ပွားနေကြောင်းသိရသည်။

ထို့ကြောင့် ကျောင်းရှိသည့်နေရာများတွင် မျဉ်းကျားများရေးဆွဲခြင်းအပြင် အန္တရာယ်ရှိနိုင်သည့် လမ်းဆုံလမ်းခွ၊ လမ်းအကွေ့များတွင်လည်း အချက်ပြဆိုလာမီးတိုင်များ စိုက်ထူပေးပါက ပြည်သူများရော ဟိုင်းဝေးယာဉ်မောင်းများနှင့် ခရီးသည်များပါ ပို၍အန္တရာယ်ကင်းမည်ဟု သုဝဏ္ဏဝတီမြို့ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ခွန်(ဝင်းပ)**

## သဘာဝဘေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဖျာပုံ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် Action Aid Myanmar တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက်က ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဌာနအနေဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများနှင့် ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ ကြိုတင်ပြင်ဆင်မှုနှင့် ရုတ်တရက်သဘာဝဘေးကျရောက်လာပါက ရင်ဆိုင်တုံ့ပြန်နိုင်မည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးကျရောက်ချိန်တွင် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းစေရေးအတွက် ယခုဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ NGO၊ INGO များမှ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

## သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ၏ ဝိဇာတမွေးနေ့မင်္ဂလာကျင်းပ

**တပ်ကုန်း ဇူလိုင် ၁၆**

နေပြည်တော် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် (မြို့ရှေ့)စန္ဒာရုံ ကျောင်းတိုက် သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အစိုးရဓမ္မာစရိယ)၏ သက်တော် (၉၁) နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာပွဲကို ဇူလိုင် ၁၃ ရက်က ကျင်းပရာ နိုင်ငံတော် ဗဟိုဝန်ဆောင် မဟာသီဟနာဒ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)၊ မြို့နယ်သံဃမဟာနာယကဥက္ကဋ္ဌ မြို့ဦးစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဏဝ (မဟာဂန္ထဝါစကပဏ္ဍိတ)၊ ဝိဇ္ဇာတောင် သာသနာပြုဆရာတော် ဘဒ္ဒန္တဉာဏသိဒ္ဓိ၊ ကလောမြို့မှ ဆရာတော်ကြီးများ ကြွရောက်တော်မူ၍ ရေစက်ချတရားနာကြားပြီး တပည့်ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## လျှပ်စစ်မီးရရှိသည့်ကျေးရွာများသို့ ပညာပေးဟောပြော

**လက်ပံတန်း ဇူလိုင် ၁၆**

